# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဏိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၆ ခုနှစ်၊ တော်သလင်းလကွယ်နေ့ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၄)၊ အမှတ်(၀၀၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတစ်ဝန်း လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း စတင်ကောက်ယူ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိသားစုအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက သန်းခေါင်စာရင်းဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁

ယနေ့မှစတင်၍ နိုင်ငံတစ်ဝန်း၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး အောက်တိုဘာ ၁၅ ရက်အထိ ၁၅ ရက်ကြာ ကောက်ယူဆောင်ရွက်သွားမည်ဖြစ်သည်။

ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိသားစု လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဦးဆောင်သည့် သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ တပ်မတော်ဧည့်ရိပ်သာသို့ လာရောက်၍ စာရင်းကောက်ယူကြသည်။

### ပြည့်ပြည့်စုံစုံဖြေကြား

သန်းခေါင်စာရင်း ကောက်ယူရေးအဖွဲ့က သန်းခေါင်စာရင်းမေးခွန်းများကို မေးမြန်းဖြည့်စွက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည့်ပြည့်စုံစုံ ဖြေကြားခဲ့သည်။

အလားတူ သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ မိသားစု လူဦးရေနှင့်အိမ်အကြောင်းအရာ

*စာမျက်နှာ ၃ ကော်လံ ၁* ❍



သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က သန်းခေါင်စာရင်းမေးခွန်းများကို မေးမြန်းဖြည့်စွက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည့်ပြည့်စုံစုံဖြေကြားစဉ်။


**သတင်းအညွှန်း**

**စိန်ရတုမှာ စိန်ကောင်းတစ်ပွင့်ဖြစ်လာတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရတုအဆက်ဆက်တိုင် အောင်မြင်ပါစေ** ဆောင်းပါး စာ ၁၀

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ** ပြည်တွင်းသတင်း စာ ၁၆


## ပြည်လုံးကျွတ်သန်းခေါင်စာရင်း ဒုတိယနေ့ ကောက်ယူနေပါသည်။

မြန်မာ့အလင်း

# ပြည်သူပါဝင်အောင် စည်းရုံးဆောင်ရွက်

ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှု အပြည့်အဝရရှိရေးသည် ယနေ့ မိမိတို့နိုင်ငံ၏ အဓိကလိုအပ်ချက်ဖြစ်သည်။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ လုံခြုံရေးတို့အတွက် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ မရှိမဖြစ် လိုအပ်သည်ဖြစ်ရာ ယင်းတာဝန်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် တပ်မတော်နှင့်အတူတွဲ၍ ထမ်းဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန် (၄) ရပ်တွင် "ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ရေး" ဟူ၍ ပါရှိပြီး လုပ်ငန်းတာဝန် (၆) ရပ်တွင် "ပြစ်မှုများ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားပြီး ပြစ်မှုများ စုံစမ်းဖော်ထုတ်တရားစွဲတင်ရေး၊ နိုင်ငံတော်အတွင်း စည်းကမ်းသေဝပ်တည်ငြိမ်ရေး၊ ပြည်သူလူထုလုံခြုံရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးနှိမ်နင်းရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေး"ဟူ၍ ပါရှိရာ အဆိုပါတာဝန်များ အောင်အောင်မြင်မြင် ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် တစ်ဦးချင်းစီ၏ စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းရည်တို့အပေါ်တွင် တည်မှီနေသကဲ့သို့ ပြည်သူများ ပူးပေါင်းပါဝင်လာအောင် စည်းရုံးဆောင်ရွက်နိုင်မှုတို့အပေါ်တွင်လည်း မူတည်လျက်ရှိသည်။

လက်ရှိ မိမိတို့နိုင်ငံတွင် နိုင်ငံရေးမတည်ငြိမ်မှုနှင့် အကြမ်းဖက်တိုက်ခိုက်မှုများကို အကြောင်းပြု၍ ပြည်သူလူထုအတွင်း စိတ်ပိုင်းဆိုင်ရာအရရော လက်တွေ့ဘဝတွင်ပါ မလုံခြုံမှုများကို ခံစားနေကြရသည်။ မြို့စွန်မြို့ဖျား၊ ရပ်ငယ် ရွာငယ်များသာမက မြို့ကြီးပြကြီး မြို့လယ်ကောင်များအထိပင် ဒုစရိုက်သမားတို့က ပေါ်ပေါ်ထင်ထင်၊ အတင့်ရဲစွာ ရာဇဝတ်မှုများ ကျူးလွန်လာကြသည်။ ထို့အပြင် ပြည်သူလူထုအတွင်း ရောနှောပုန်းခိုနေသည့် အကြမ်းဖက်သမားများကလည်း လစ်လျှင်လစ်သလို အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်နေကြသည်။ မြန်မာနိုင်ငံ၏ ရဲတပ်ဖွဲ့ဝင်အင်အားမှာ ဖွဲ့စည်းပုံအရ လိုအပ်ချက်များစွာရှိနေပြီး ရဲနှင့်လူဦးရေ အချိုးအစားမှာလည်း ရှိသင့်သည်ထက် ကွာဟလျက်ရှိရာ ယင်းသို့သော အခြေအနေတွင် ပြည်သူလူထုကို စည်းရုံးရေးသည် အလေးအနက်ဆောင်ရွက်ကြရမည့် လုပ်ငန်းတစ်ခုဖြစ်သည်။

နှစ်(၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားခဲ့ရာ "ပြည်ထောင်စုတစ်ဝန်းလုံး တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံတည်ငြိမ်မှုရှိစေရေးဆောင်ရွက်ရာတွင် ပြည်သူလူထုနှင့်လက်တွဲပူးပေါင်းပြီး ပြစ်မှုကျူးလွန်သူမရှိအောင် ကြိုတင်ကာကွယ်ရေး၊ ပြစ်မှုကျူးလွန်ပါကလည်း တရားခံများကို ချက်ချင်းစုံစမ်းဖော်ထုတ်ဖမ်းဆီးပြီး ပြစ်မှုအလိုက် ထိရောက်သည့် ပြစ်ဒဏ်ကျခံနိုင်ရေးတို့ကို တရားဥပဒေနှင့်အညီ စီမံဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် သစ္စာ၊ သမာဓိ၊ သတ္တိဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူက အထင်ကြီးလေးစားပြီး ဂုဏ်ယူအားကိုးရသည့် စွမ်းရည်ရှိသည့် ရဲတပ်ဖွဲ့ဖြစ်စေရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အဆင့်အတန်းအားလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။" ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ တိုက်တွန်းမှာကြားချက်နှင့်အညီ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်၊ လုပ်ငန်းတာဝန်များ အောင်မြင်စွာ ထမ်းဆောင်နိုင်ရေး၊ ပြည်သူလူထု ပူးပေါင်းပါဝင်မှုနှင့် လေးစားဂုဏ်ယူမှုတို့ ရရှိရေးအတွက် ရဲတပ်ဖွဲ့ဝင်အားလုံးက ရှုပ်ရှုပ်ချုံချုံ၊ လေးလေးနက်နက် ကြိုးပမ်းထမ်းရွက်ကြရပါမည့်အကြောင်း။ ။

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2024)

**"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့"**

"Empowering the next generation for a resilient future"

**အောက်တိုဘာလ (၁၃) ရက်**

## မိုးပိုနေမည်

**နေပြည်တော် အောက်တိုဘာ ၁**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

မိုး/ဇလ

## စာပေဖတ်ရှု အကျိုးပြုမည် တို့တိုင်းပြည်

❖ အို... အသင်လူသား
စာကားမတတ်
ပညာငတ်သူ၊ သင်ဖြစ်မူကား
အပူအအေး၊ နွေးမှန်းမသိ
မရှိပညာ၊ ဘယ်အရာမဆို
ထားသိုသိမ်းဆည်း၊ ပြုလည်းမပြင် ဘာမျှမမြင်ဘဲ
လူ့ခွင်လောက၊ လူဖြစ်ရမှု
ဒုက္ခသည်သာ မည်တွင်လိမ့်...။

❖ စာပေလိုက်စား၊ ပြုသူများမူ
ဇမ္ဗူတစ်လွှား၊ ကျော်ကြားဂုဏ်သိန်
ချိုးနှိမ်မရ၊ သူ့ဘဝတွင်
စစရာရာ၊ တွင်ကျယ်ပါလိမ့်
ဘယ်ခါမဆို၊ ပညာကိုရှေ့
ထား၍လုပ်ဆောင်၊ မင့်အခေါင်ထိ
အောင်မြင်ခြင်းသာ တွေ့ရလိမ့်...။

❖ စာတတ်သော်လည်း
မဖတ်ဘဲနေ၊ ထိုသူတွေလျှင်
များထွေသုတ၊ ဘယ်မရ၍
လုံ့လဝီရိယ၊ ကင်းဘဝဖြင့်
နေရခါဝယ်၊ လူပုံလယ်တွင်
တင့်တယ်မရှိ နူတ်ဆွံ့၏...။

❖ အို... အသင်လူသား
စာပေပညာ၊ လေ့လာလိုက်စား
အအားမနေ၊ ရှာဖွေဖတ်ရှု
အစုစုသော နမူနာဖြင့်
လူတောထဲဝင်
ခင်မင်နှစ်သက်၊ သုတဖက်၍
အခက်မရှိ၊ ဝင်ဆံ့ဘိစေ
များထွေသုတ၊ ဖွဲလုံ့လဖြင့်
ပြုကြအကျိုး၊ ဆတက်တိုး၍
တန်ဖိုးပြည့်တွက် ရှိပါစေ...။ ။

ဘိုမျိုး(ရွှေဘို)

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ (အေစီဒီ) ၏ တတိယအကြိမ်မြောက် ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် ကာတာနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၁**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပပြုလုပ်မည့် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ (အေစီဒီ) ၏ တတိယအကြိမ်မြောက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ကာတာနိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရသည်။

**သတင်းစဉ်**

# နှစ်(၆၀)ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။**(အောက်ပုံ)**

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယ ရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ အနုပညာရှင်များ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်က မိန့်ခွန်းပြောကြားပြီး စံပြရဲအဆင့်တိုးဆုရရှိသူ အရာရှိနှစ်ဦး၊ အခြားအဆင့်သုံးဦးနှင့် စွမ်းရည်သတ္တိအတွက် ရာထူးအဆင့်တိုး ဆုရရှိသူ အရာရှိသုံးဦး၊ စွမ်းဆောင်မှုအတွက် ရာထူးအဆင့်တိုးဆုရရှိသူ အရာရှိနှစ်ဦးတို့ကို ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ပြီး အနုပညာရှင်ကိုယ်စားလှယ်တစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ထို့နောက် ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ် တင်ကိုကိုက စွမ်းရည်သတ္တိအတွက် ရာထူးအဆင့်တိုး ဆုရရှိသူ အခြားအဆင့် ငါးဦး၊ စွမ်းဆောင်မှုအတွက် ရာထူးအဆင့်တိုး ဆုရရှိသူ အခြားအဆင့်ငါးဦး၊ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ် အောင်နိုင်သူက ရုံးဝန်ထမ်းထူးချွန်ဆုရရှိသူ တပ်ဖွဲ့ဝင် ခုနစ်ဦးနှင့် ဝတ်စားဆင်ယင်မှု အကောင်းဆုံးဆုရ တပ်ဖွဲ့ဝင် လေးဦး၊ ရဲချုပ်၏ဇနီးနှင့် ဒုတိယရဲချုပ်များ၏ ဇနီးတို့က အမျိုးသမီးစွမ်းဆောင်ရှင်ဆုနှင့် နေအိမ်လိုင်းခန်းသန့်ရှင်းရေး ဆုရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကြသည်။



ယင်းနောက် နှစ် (၆၀) ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် Video Clip ကို ပြသပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ရဲအရာရှိကြီးများနှင့် ဇနီးများသည် ဆုရရှိသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

*❍ ရွှေဖုံးမှ*

သန်းခေါင်စာရင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၏ မိသားစု လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၏ မိသားစုလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၏ မိသားစု လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး၏ မိသားစု လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းတို့ကိုလည်း ၎င်းတို့၏ နေအိမ်များသို့ သွားရောက်၍ စာရင်းကောက်ယူခဲ့ကြသည်။

နိုင်ငံတစ်နိုင်ငံသည် သန်းခေါင်စာရင်းကောက်ယူခြင်းမှရရှိသော လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များအပေါ် အခြေခံ၍ နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်သဖြင့် လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို နိုင်ငံအလိုက် ၁၀ နှစ်လျှင်တစ်ကြိမ် ဆောင်ရွက်လျက်ရှိသည်။

*စာမျက်နှာ ၄ သို့*



သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က သန်းခေါင်စာရင်းမေးခွန်းများကို မေးမြန်းဖြည့်စွက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးတို့က ပြည့်ပြည့်စုံစုံဖြေကြားစဉ်။



သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က သန်းခေါင်စာရင်းမေးခွန်းများကို မေးမြန်းဖြည့်စွက်ကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဇနီးတို့က ပြည့်ပြည့်စုံစုံဖြေကြားစဉ်။



သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က သန်းခေါင်စာရင်းမေးခွန်းများကို မေးမြန်းဖြည့်စွက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် ဇနီးတို့က ပြည့်ပြည့်စုံစုံဖြေကြားစဉ်။



သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က သန်းခေါင်စာရင်းမေးခွန်းများကို မေးမြန်းဖြည့်စွက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် မိသားစုဝင်တို့က ပြည့်ပြည့်စုံစုံဖြေကြားစဉ်။



သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က သန်းခေါင်စာရင်းမေးခွန်းများကို မေးမြန်းဖြည့်စွက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီးတို့က ပြည့်ပြည့်စုံစုံ ဖြေကြားစဉ်။

*စာမျက်နှာ ၃ မှ*

### အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်

သန်းခေါင်စာရင်းမှရရှိသော အချက်အလက်များသည် နိုင်ငံတော်အစိုးရအပါအဝင် ဝန်ကြီးဌာနများနှင့်သာ သက်ဆိုင်ခြင်းမဟုတ်ဘဲ နိုင်ငံအတွင်းရှိ ပြည်သူအားလုံးနှင့် သက်ဆိုင်ပြီး လူတစ်ဦးချင်းစီမှ အဖွဲ့အစည်းအလိုက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေးနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးကိစ္စရပ်များ၏ ဘက်စုံကဏ္ဍစုံအတွက် မဖြစ်မနေ အခြေခံအသုံးပြုရသည့် အချက်အလက်များဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အဓိကကောက်ယူအကောင်အထည်ဖော်ဆောင်ရွက်နေပြီး ပြည်သူအားလုံးနှင့်သက်ဆိုင်သည့် လုပ်ငန်းဖြစ်သည်နှင့်အညီ အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည့် လုပ်ငန်းတစ်ခုဖြစ်သည်။

ယခု ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းကို မြန်မာနိုင်ငံ၏ တိကျမှန်ကန်သည့် လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ရရှိရန်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြား ၁၀ နှစ်အတွင်း မြန်မာနိုင်ငံ၏ လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ ပြောင်းလဲမှုများကို နှိုင်းယှဉ်လေ့လာသုတေသနပြုလုပ်ပြီး လိုအပ်သည့် မူဝါဒများ၊ မဟာဗျူဟာနှင့် နည်းဗျူဟာများကို ချမှတ်နိုင်ရန်၊ ကဏ္ဍအလိုက် ချမှတ်ဆောင်ရွက်မည့် စီမံကိန်းများကို အထောက်အကူပြုနိုင်ရန်၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan – MSDP) ကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် အညွှန်းကိန်းများ ပံ့ပိုးပေးနိုင်ရန်နှင့် အမျိုးသားစာရင်းအင်းစနစ်၏ စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာကို အထောက်အပံ့ပြုနိုင်ရန် စသည့် ရည်ရွယ်ချက်များ ဖြင့် ကောက်ယူနေခြင်းဖြစ်ကြောင်း သိရှိရသည်။

၂၀၁၄ ခုနှစ်တွင် သန်းခေါင်စာရင်းဆိုင်ရာ မေးခွန်း ၄၁ ခုကိုသာ မေးမြန်းကောက်ယူခဲ့သော်လည်း ယခု ၂၀၂၄ ခုနှစ်တွင် စာရင်းအချက်အလက်များ ပိုမိုပြီးပြည့်စုံစေရေးအတွက် မေးခွန်း ၂၇ ချက် တိုးမြှင့်၍ သန်းခေါင်စာရင်းဆိုင်ရာမေးခွန်း ၆၈ ခုကို မေးမြန်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရှိရသည်။

### ကြိုတင်အကြောင်းကြားမည်ဖြစ်

ထပ်မံတိုးမြှင့်ကောက်ခံမည့် အချက်အလက်များမှ ထင်ရှားသောဥပမာအနေဖြင့် ပညာရေးကဏ္ဍတွင်ကျောင်းဆက်လက်မတက်ရောက်ရသည့်အဓိကအကြောင်းရင်း၊ အိမ်အကြောင်းအရာကဏ္ဍတွင် အမှိုက်စွန့်ပစ်မှုစနစ်၊ သန့်ရှင်းမှုစနစ် စသည်ဖြင့် တိုးမြှင့်မေးမြန်းထားသည်ကိုတွေ့ရှိရပြီး ယင်းအချက်များမှာ ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍတို့တွင် အစိုးရမှမည်ကဲ့သို့ ဖြည့်ဆည်းပေးရမည်ကို သုံးသပ်သည့် မေးခွန်းများဖြစ်သဖြင့် လက်တွေ့အသုံးဝင်သည့် အချက်အလက်များပင်ဖြစ်ကြောင်း၊ စာရင်းကောက်ယူသူများက နံနက် ၇ နာရီမှ ညနေ ၆ နာရီအတွင်း နေအိမ်များသို့ လာရောက်စာရင်းကောက်ယူမည်ဖြစ်ပြီး နေအိမ်များသို့ စာရင်းလာကောက်မည့်နေ့ကို ကြိုတင်အကြောင်းကြားမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းသည် အိမ်ထောင်စုစာရင်း ပုံစံ(၆၆/၆) သို့မဟုတ် ပုံစံ(၁၀) ရှိခြင်း/ မရှိခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရှိခြင်း/မရှိခြင်းနှင့် မသက်ဆိုင်ကြောင်း၊ တိုင်းရင်းသားဖြစ်ခြင်း၊ မဖြစ်ခြင်း၊ နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်းနှင့် မသက်ဆိုင်ကြောင်း၊ သန်းခေါင်စာရင်းထည့်သွင်းမကောက်ရမည့်သူများမှအပ သန်းခေါင်စာရင်းရည်ညွှန်းချိန်တွင် မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းရှိနေသူအားလုံးကို စာရင်းကောက်ယူမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းအားဖြင့် သိရှိရသော ပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ အခွန်ကောက်ခံခြင်း၊ အရေးယူခြင်းတို့ကို လုံးဝပြုလုပ်မည်မဟုတ်ကြောင်း၊ သန်းခေါင်စာရင်း မေးခွန်းတွင် မေးမြန်းထားသော နိုင်ငံခြားသို့ရောက်ရှိနေကြသော အိမ်ထောင်စုဝင်များအတွက်လည်း စိုးရိမ်ရန်မလိုကြောင်းနှင့် မည်သို့မျှ အရေးယူမည်မဟုတ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# မီးရထားစီးခရီးသွားပြည်သူများသွားလာမှု ပိုမိုလွယ်ကူအဆင်ပြေစေရေး ရန်ကုန် – ပဲခူးလမ်းပိုင်း၌ ခေတ်မီ DEMU ရထားတွဲဆိုင်းသစ်များဖြင့် အမှတ်(၁၅)အဆန်နှင့် (၁၆) အစုန်လူစီးရထား စတင်ပြေးဆွဲ

**ရန်ကုန် အောက်တိုဘာ ၁**

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှု လွယ်ကူအဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားများပြေးဆွဲဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းနှင့်အတူ ဂျပန်နိုင်ငံမှ ဝယ်ယူရောက်ရှိလာသည့် ခေတ်မီ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းအသစ်များဖြင့် ရန်ကုန် – ပဲခူးခရီးစဉ် အမှတ်(၁၅) အဆန်နှင့် ပဲခူး–ရန်ကုန်ခရီးစဉ် အမှတ်(၁၆) အစုန် လူစီးရထားများ စတင်ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်ဘူတာကြီး၌ ကျင်းပသည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကား ပြောကြားပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့်က အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ခြင်းစီမံကိန်းနှင့်အတူ ဂျပန်နိုင်ငံမှ ဝယ်ယူရောက်ရှိလာသည့် ခေတ်မီ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းသစ်များ အသုံးပြု၍ ရန်ကုန်–ပဲခူး ခရီးစဉ်အဖြစ် အမှတ် (၁၅)အဆန်/ အမှတ်(၁၆)အစုန်အား စတင်ပြေးဆွဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ကျော်စိုးနှင့် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးတို့က ရန်ကုန်ဘူတာကြီး အမှတ်(၁)စင်္ကြံမှ ယနေ့စတင်ပြေးဆွဲထွက်ခွာသည့် အမှတ်(၁၅) အဆန် ရန်ကုန်–ပဲခူးခရီးစဉ် DEMU ရထားတွဲဆိုင်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရထားစက်ခေါင်းအား အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခရီးစဉ်တွင် လိုက်ပါစီးနင်းကြမည့် ရထားစီးခရီးသည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ထွက်ခွာသွားသည့် ခရီးသွားပြည်သူများအား လက်ပြ နှုတ်ဆက်ကြသည်။ (ဓာတ်ပုံ)

အဆိုပါ အမှတ်(၁၆)အစုန် ပဲခူး–ရန်ကုန် DEMU ရထားသည် ပဲခူးဘူတာမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ နံနက် ၈ နာရီ ၂၀ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်ပါကြောင်း၊ အမှတ်(၁၅) အဆန် ရန်ကုန်–ပဲခူး DEMU ရထားသည် ရန်ကုန်ဘူတာမှ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပြန်လည်ထွက်ခွာ၍ ပဲခူးဘူတာသို့ ည ၇ နာရီ ၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်ပါကြောင်းနှင့် လမ်းခရီးတွင် ပုဇွန်တောင်၊ မလွကုန်း၊ သဃ်န်းကျွန်း၊ တိုးကြောင်ကလေး၊ ရွာသာကြီး၊ လေးဒေါင့်ကန်၊ ဒါးပိန်၊ ကော့ချဲ၊ ထုံးကြီး၊ ကျောက်တန်း၊ တာဝ၊ ဘုရားသုံးဆူ စုစုပေါင်း ၁၂ ဘူတာတွင် ရပ်တန့်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ DEMU ရထားတွဲဆိုင်းတွင် ခရီးသည်ရပ်စီး/ထိုင်စီး စုစုပေါင်း ၈၃၂ ဦး စီးနင်းလိုက်ပါနိုင်ပြီး ခရီးသွားလက်မှတ်ခအနေဖြင့် ခရီးစဉ်အစမှအဆုံးအထိ တစ်ဦးလျှင် ငွေကျပ် ၂၅၀၀ နှင့် ခရီးတစ်ဝက်လိုက်ပါစီးနင်းပါက ငွေကျပ် ၁၃၀၀ နှုန်းသတ်မှတ်ထားကြောင်း သိရသည်။

**ဆန်းကျော်ဦး(မြန်/ဆက်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှစ်(၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှစ်(၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား တက်ရောက်မိန့်ခွန်းပြောကြား

**နေပြည်တော် အောက်တိုဘာ ၁**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီး များနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ် ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့ အစည်းများမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဌာနဆိုင်ရာအကြီး အကဲများ၊ အမျိုးသမီးရေးရာနှင့် ဆက်စပ် အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစား ရဲအရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကျဆုံးခဲ့ကြသောရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုသောအားဖြင့် (၁)မိနစ်ငြိမ်သက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူ များက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တော်အလံကို အလေးပြုကြပြီး တာဝန် ထမ်းဆောင်ရင်း ကျဆုံးခဲ့ကြသော ရဲတပ်ဖွဲ့ဝင်များအား အမှတ်ရဂုဏ်ပြု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူကို ဂုဏ်ထူးဆောင်ဆု ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသည့် တပ်ဖွဲ့ဝင်၏ မိသားစု ဝင်ကို ဂုဏ်ထူးဆောင်ဆု ပေးအပ်စဉ်။

သောအားဖြင့် (၁)မိနစ်ငြိမ်သက်ကြသည်။

**၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ တွင် “မြန်မာနိုင်ငံ ရဲတပ်ဖွဲ့” ဟု ပြင်ဆင်သတ်မှတ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာတွင် လွတ်လပ်ရေး ရပြီးသည့်နောက်ပိုင်းတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ကြကြောင်း၊ တော်လှန်ရေး ကောင်စီခေတ် ၁၉၆၄ ခုနှစ်၊ အောက်တို ဘာလ ၁ ရက်နေ့တွင် **“ပြည်သူ့ရဲတပ်ဖွဲ့”** ဟု ခေါ်ဝေါ်သတ်မှတ်ခဲ့ပြီး ရဲတပ်ဖွဲ့နေ့ အဖြစ်လည်း စတင်သတ်မှတ်ခဲ့ကြောင်း၊ ၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ တွင် ပြည်သူ့ရဲတပ်ဖွဲ့မှ **“မြန်မာနိုင်ငံ ရဲတပ်ဖွဲ့”** ဟု ပြင်ဆင်သတ်မှတ်ခဲ့ကြောင်း၊ ယခုအခါ နှစ် (၆၀) ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

တို့တာဝန်အရေး(၃)ပါးကို ဦးထိပ် ပန်ဆင်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက်(၉)ရပ် အောင်မြင်စေရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေး အတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေး အပြည့်အဝရရှိစေရေးတို့ကို အလေးထားဆက်လက်ဆောင်ရွက်သွား ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် တပ်မတော်နှင့်အတူ အကြမ်းဖက်မှု ချေမှုန်းရေးကိုလည်း ပြည်သူနှင့်အတူလက်တွဲပြီး ဆောင်ရွက် ရန် အလေးထားမှာကြားလိုကြောင်း။

**ရည်မှန်းချက်တာဝန်(၄)ရပ်နှင့် လုပ်ငန်းတာဝန်(၆)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်**

ထို့ပြင် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာ အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုး ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ် တားဆီးရေးနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းဆောင်ရွက်ရေးဆိုသည့် မြန်မာ နိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်(၄) ရပ်နှင့် **ပြစ်မှုများမဖြစ်ပွားအောင် ကြိုတင် ကာကွယ်ရေး၊ ဖြစ်ပွားပြီးပြစ်မှုများ စုံစမ်း ဖော်ထုတ်တရားစွဲတင်ရေး၊ နိုင်ငံတော် အတွင်း စည်းကမ်းသေဝပ်တည်ငြိမ်ရေး၊ ပြည်သူလူထုလုံခြုံရေး၊ မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်ကို တားဆီးနှိမ်နင်း ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးဆိုသည့် လုပ်ငန်းတာဝန် (၆)ရပ်ကိုလည်း** အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရ မည်ဖြစ်ကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် နိုင်ငံဖြတ်ကျော် မှုခင်း များကို တားဆီးနှိမ်နင်းရာတွင် သတင်း လက်ဦးမှု ရယူဆောင်ရွက်နိုင်ရေးအတွက် အိမ်နီးချင်း ငါးနိုင်ငံနှင့်အတူ နယ်စပ် ဆက်ဆံရေးရုံးများ (Border Liaison Offices–BLOs) ကွန်ရက်စနစ် တည်ထောင်ပြီး သတင်းအချက်အလက် များကို အချိန်နှင့်တစ်ပြေးညီ အပြန်အလှန် မျှဝေဖလှယ်နိုင်ရေးအတွက် BLO အစည်း အဝေးများကိုလည်း အခါအားလျော်စွာ စဉ်ဆက်မပြတ် ကျင်းပပြုလုပ်ဆောင်ရွက် သွားကြရန် မှာကြားလိုကြောင်း။

*စာမျက်နှာ ၆ သို့*



ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူကို ဂုဏ်ထူးဆောင်ဆု ပေးအပ်ချီးမြှင့်စဉ်။



ကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူကို ဂုဏ်ထူးဆောင်ဆု ပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၅ မှ*

၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ၂၀၂၄ ခုနှစ် ဩဂုတ်လအထိ မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံပေါင်း ၂၈ နိုင်ငံမှ တရားမဝင်ဝင်ရောက်လာသည့် နိုင်ငံခြားသား ၅၄၄၃၃ ဦးတို့ကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နှင်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း။

**မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေးအတွက် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း အနီးကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး **"Operation 39/24 (2024)"** ကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အထိ မြန်မာတစ်နိုင်ငံလုံး မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုအနေဖြင့် အမှုပေါင်း ၃၈၃၂ မှု၊ တရားခံ ၅၂၈၆ ဦး စုစုပေါင်း တန်ဖိုးငွေကျပ်ဘီလီယံ ၇၅၀ ကျော်ရှိသည့် မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုများကို ထိရောက်စွာ အရေးယူနိုင်ရန် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေသစ်ကို ပြဋ္ဌာန်းပေးခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ၂၀၂၄ ခုနှစ် ဩဂုတ်လအထိ လူကုန်ကူးမှု ၂၇ မှုမှ တရားခံကျား ၃၀ ဦး၊ မ ၆၆ ဦး စုစုပေါင်း ၉၆ ဦး အရေးယူနိုင်ခဲ့ပြီး လူကုန်ကူးခံရသူ ကျား ၅ ဦး၊ မ ၄၄ ဦး စုစုပေါင်း ၄၉ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း၊ ဒေသတွင်း လူကုန်ကူးမှုခင်းများနှင့် လူမှောင်ခိုမှုများ တားဆီးနှိမ်နင်းရေး စီမံကိန်းများတွင် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL)၊ အာဆီယံရဲအဖွဲ့ (ASEANAPOL) တို့ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်၍လည်း ထိရောက်အောင်မြင်အောင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

တပ်ဖွဲ့ဝင်များ၏တာဝန်ထမ်းဆောင်မှုကို နိုင်ငံတော်က အလေးထားအသိအမှတ်ပြုပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များကို စိစစ်ချီးမြှင့်ပေးလျက်ရှိကြောင်း၊ မိမိကျရာကဏ္ဍတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ရင်း အသက်ပေးလှူခြင်းနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်း စွန့်လွှတ်သွားခဲ့ရသည့် ရဲတပ်ဖွဲ့ဝင်များ၏ ဖွဲ၊ လုံ့လ၊ စိတ်ဓာတ်၊ ကြိုးပမ်းမှုများအပေါ်တွင်လည်း ဂုဏ်ယူလေးစားအသိအမှတ်ပြုသည်ကို ပြောကြားလိုကြောင်း။

**စွမ်းရည်သတ္တိနှင့်စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်**

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်ခဲ့ရာတွင် ရဲသူရတံဆိပ် ၁၀ ဦး၊ ရဲဗလတံဆိပ် ၁၃၂ ဦး၊ ရဲကျော်သူတံဆိပ် နှစ်ဦး၊ လူမှုထူးချွန်တံဆိပ် (ဒုတိယအဆင့်) တစ်ဦး၊ ရဲမှုထမ်းကောင်းတံဆိပ် ၃၈၉ ဦး၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ် ၇၈၆ ဦး၊ မြန်မာနိုင်ငံရဲပူးတွဲတိုက်ပွဲဝင် တံဆိပ် ၂၇၆၅ ဦး၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ် ၆၇ ဦး၊ ပြည်သူ့ဝန်ထမ်းတံဆိပ် ၅၇ ဦး၊ ငြိမ်ဝပ်ပိပြားရေးနှင့်တရားဥပဒေစိုးမိုးရေးတံဆိပ် ၅၆၄၂ ဦး စုစုပေါင်း ၉၈၅၁ ဦးကို ချီးမြှင့်ပေးခဲ့ကြောင်း။

**❑ ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ရေးဆိုသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်(၄)ရပ်နှင့် ပြစ်မှုများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားပြီးပြစ်မှုများ စုံစမ်းဖော်ထုတ် တရားစွဲတင်ရေး၊ နိုင်ငံတော်အတွင်း စည်းကမ်းသေဝပ်တည်ငြိမ်ရေး၊ ပြည်သူလူထုလုံခြုံရေး၊ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်ကို တားဆီးနှိမ်နင်းရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေးဆိုသည့် လုပ်ငန်းတာဝန် (၆)ရပ်ကိုလည်း အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။

ပြည်ထောင်စုတစ်ဝန်းလုံး တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံတည်ငြိမ်မှုရှိစေရေး ဆောင်ရွက်ရာတွင် ပြည်သူလူထုနှင့် လက်တွဲပူးပေါင်းပြီး ပြစ်မှုကျူးလွန်မှုမရှိအောင် ကြိုတင်ကာကွယ်ရေး၊ ပြစ်မှုကျူးလွန်ပါကလည်း တရားခံများကို ချက်ချင်းစုံစမ်း ဖော်ထုတ်ဖမ်းဆီးပြီး ပြစ်မှုအလိုက် ထိရောက်သည့် ပြစ်ဒဏ်ကျခံနိုင်ရေးတို့ကို တရားဥပဒေနှင့်အညီ စီမံဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် သစ္စာ၊ သမာဓိ၊ သတ္တိ ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူကအထင်ကြီးလေးစားပြီး ဂုဏ်ယူအားကိုးရသည့် စွမ်းရည်ရှိသည့် ရဲတပ်ဖွဲ့ဖြစ်စေရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အဆင့်အတန်းအားလုံးစည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းထမ်းဆောင်သွားကြရန် အထူးတိုက်တွန်းမှာကြားလိုကြောင်း။

**ပြည်သူကလေးစားအားကိုးသည့် ဥပဒေဘက်တော်သားများ ဖြစ်လာစေရေးကြိုးပမ်း**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အဆင့်အတန်းအားလုံးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို **"မျိုးချစ်စိတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည်"** ဆိုသည့် မျှော်မှန်းချက်များနှင့် တည်ဆောက်ရာတွင် အဖွဲ့အစည်းကောင်းတစ်ခု၏ အနှစ်သာရဖြစ်သည့် စိတ်ဓာတ်ကောင်းမွန်ရေး၊ စွမ်းရည်ပြည့်ဝရေးနှင့် တာဝန်ကျေပွန်ရေး စသည်များကို စဉ်ဆက်မပြတ် ဆက်လက်ခံယူ လေ့ကျင့်ဆောင်ရွက်သွားကြရန်၊ ပြည်သူလူထု၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရာတွင်လည်း ရဲလုပ်ငန်းကျွမ်းကျင်မှု၊ ရိုးသားဖြောင့်မတ်မှု၊ သမာသမတ်ရှိမှုနှင့် ကျေပွန်စွာထမ်းဆောင်ရင်း ဂုဏ်သိက္ခာမြင့်မားပြီး ပြည်သူကလေးစားအားကိုးရလောက်သည့် ဥပဒေဘက်တော်သားများ ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ တို့တာဝန်အရေး (၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရည်မှန်းချက်တာဝန်(၄)ရပ်နှင့် လုပ်ငန်းတာဝန်(၆)ရပ်တို့ကို အောင်မြင်အောင် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် Video Clip ကို ပြသသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ တပ်ဖွဲ့ဝင်လေးဦးကိုလည်းကောင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက စွမ်းရည်သတ္တိဂုဏ်ထူးဆောင် တံဆိပ်ရရှိသူ တပ်ဖွဲ့ဝင် သုံးဦးကိုလည်းကောင်း၊ ကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က စွမ်းရည်သတ္တိဂုဏ်ထူးဆောင် တံဆိပ်ရရှိသူ တပ်ဖွဲ့ဝင်နှစ်ဦးနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ်ရရှိသူတပ်ဖွဲ့ဝင် တစ်ဦးကိုလည်းကောင်း ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည်အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ ရုပ်လုံးရုပ်ကြွများ၊ တပ်ဖွဲ့/ဌာနများတွင် အသုံးပြုလျက်ရှိသည့် စက်ကိရိယာများ၊ နည်းပညာဆိုင်ရာပစ္စည်းများ၊ လက်နက်များ၊ ဝတ်စုံများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ မူးယစ်ဆေးဝါး ရှာဖွေစစ်ဆေးရေးစက်များနှင့် ပြခန်းများအတွင်း စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် အနုပညာရှင်များ သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

# နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသမီးရေးရာနှင့်ဆက်စပ်အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစား ရဲအရာရှိကြီးများ၊ အနုပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အခမ်းအနား တက်ရောက်လာကြသူများအား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

### ဂုဏ်ပြုညစာကိုအတူတကွသုံးဆောင်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

### အနုပညာရှင်များက သီဆိုကပြဖျော်ဖြေ

ဂုဏ်ပြုညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲမှ တပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနမှ အနုပညာရှင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီ တေးဂီတအဖွဲ့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

### ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်

ဂုဏ်ပြုညစာ သုံးဆောင်အပြီးတွင် သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် ကြံခင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ကြည်စိုးဦးဆောင်သော ရဲမိသားစုဝင်များက အောက်တိုဘာ ၁ ရက်က သံဃာတော် အရှင်သူမြတ်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ပရိတ်ရွတ်ဖတ်ပူဇော်မှု ပြိုင်ပွဲနှင့် ဗလာမပါကံစမ်းမဲများ ဖောက်ပေးစဉ်။ မြို့နယ်(ပြန်/ဆက်)



## ဗန်းမော်ခရိုင်၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**ဗန်းမော် အောက်တိုဘာ ၁**

ကချင်ပြည်နယ် ဗန်းမော်ခရိုင်၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ဗန်းမော်မြို့ မြို့မရဲစခန်းရှိ ရဲသီဟာခန်းမ၌ အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်လတ်က အမှာစကားပြောကြားပြီး **(အောက်ပုံ)** ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့ မှူး ဒုတိယရဲမှူးကြီး ရဲဝင်းက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်၏ သဝဏ်လွှာ ဖတ်ကြားခြင်းနှင့် နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများက ရဲတပ်ဖွဲ့ဝင်များနှင့် ကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မြစ်သားမြို့နယ်၌ ရေဝင်ရောက်ခဲ့သည့် စာသင်ကျောင်းများ၌ မီးသတ်ဦးစီးဌာနက သန့်ရှင်းရေးဆောင်ရွက်



**မြစ်သား အောက်တိုဘာ ၁**

မြစ်သားမြို့နယ်၌ ရေကြီးပြီး ရေဝင်ရောက်ခဲ့သည့် အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းနှင့် အမက(မြို့/နောက်)တို့၌ မီးသတ်တပ်ဖွဲ့ဝင်များက သန့်ရှင်းရေးဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်မင်းကျော် ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင် ၁၅ ဦး၊ အရန်တပ်ဖွဲ့ဝင် ငါးဦးနှင့် တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ သန္နေတပ်ဖွဲ့ဝင် ကိုးဦးတို့က ရေဝင်ရောက်မှုကြောင့် တင်ကျန်ခဲ့သော ရွှံ့ညွန်များ ဖယ်ရှားခြင်းနှင့် သန့်ရှင်းရေးများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ၂၀၂၄ ခုနှစ် လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကြည့်ရှုအားပေးပြီး ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်

**မြစ်ကြီးနား အောက်တိုဘာ ၁**

မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့၌ ကျင်းပပြုလုပ်သော သက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ်အခမ်းအနား၊ နှစ် (၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားသို့တက်ရောက်ပြီး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုသည်။



ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်တို့နှင့်အတူ မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက်အတွင်းရှိ အံတော်ရှင်တောင်တန်းသာသနာပြုကျောင်းတိုက်၌ ကျင်းပပြုလုပ်သည့် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဂုဏ်ပြုစကား ပြောကြားပြီး အခမ်းအနားတက်ရောက်လာကြသည့် ဘိုး/ဘွား နှစ်ဦးစီအား ဂါရဝပြုဂုဏ်ပြုလက်ဆောင်များနှင့် ဂုဏ်ပြုငွေများကို ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများက အသက် (၈၀)နှင့်အထက် ဘိုး/ ဘွား ၅၀ တို့ကို ဂါရဝပြုဂုဏ်ပြုလက်ဆောင်များနှင့် ငွေသား တစ်သိန်းစီကို ဂါရဝပြုပေးအပ်ကြရာ အဘိုးတစ်ဦးက ကျေးဇူးတင်ဆုတောင်းစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပပြုလုပ်သည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးက နှစ်(၆၀)ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးထံမှ ပေးပို့သည့်သဝဏ်လွှာအား ဖတ်ကြား၍ ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့က ရဲဗလဆုရ တပ်ဖွဲ့ဝင်များနှင့် ဆုရတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဗီဒီယိုကလစ်ဖွင့်လှစ်ပြသမှုကို ကြည့်ရှုအားပေးကြပြီး ပြည်နယ်ရဲတပ်ဖွဲ့မှူးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ထံ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂါရဝပြုလက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ အခမ်းအနားတက်ရောက်လာကြသူများက နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်တပ်ဖွဲ့ဝင်များ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ကင်းစင်ရေး အသိပညာပေးပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် စီတာပူ (နောင်ရာ) ရပ်ကွက်အတွင်းရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၏ နေအိမ်၌ ပြည်နယ်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ် သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ စာရင်းကောက်အဖွဲ့များ၏ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များကို Mobile Tablet ဖြင့် မေးမြန်းကောက်ယူဖြည့်စွက်ခြင်းကို ဆောင်ရွက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်၊ နယ်မြေ(၁၂)အတွင်းရှိ ရွှေနုတ်ကယ်တင်ခြင်းအသင်းတော်ဝင်းအတွင်း ယာယီခိုလှုံနေထိုင်လျက်ရှိသော ပြည်သူများအား သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။(ဝဲပုံ)

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် အဆိုပါစခန်းအတွင်း မိသားစုများ နေထိုင်စားသောက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုကာ ထိခိုက်ဒဏ်ရာရသည့် မိသားစုဝင်နှင့် မသန်စွမ်းမိသားစုဝင်များအား ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် စီတာပူရပ်ကွက်အတွင်းရှိ မြန်မာနိုင်ငံဖိလဒေလဖိ(ပင်တေကုတ္တေ) အသင်းတော်ဘုရားကျောင်းဝင်းအတွင်း ယာယီခိုလှုံနေထိုင်လျက်ရှိသောမိသားစုများအား သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြပြီး သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့ဝင်များနှင့် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခ ခန်းမ၌ ကျင်းပပြုလုပ်သည့် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ပြီး အလှူရှင် ခုနစ်ဦးတို့၏ စုစုပေါင်း အလှူငွေကျပ်သိန်း ၂၂၀၀ လှူဒါန်းမှုကို လက်ခံရယူပြီး **(အောက်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှု ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို စာရင်းစစ်၊ စာရင်းကောက်များက ယနေ့နံနက်ပိုင်းမှစ၍ ကောက်ကွက်များအလိုက် တစ်အိမ်တက်ဆင်း ကောက်ယူလျက်ရှိရာ နေပြည်တော် သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရွှေကြာပင်ရပ်ကွက်နှင့် သပြေကုန်းရပ်ကွက်အတွင်း လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုကို သွားရောက်ကြည့်ရှု အားပေးကြပြီး သန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ထို့နောက် ပျဉ်းမနားမြို့နယ် ကျွန်းဦးကျေးရွာအုပ်စု ကျွန်းဦးကျေးရွာ၌ ရေကြီးရေလျှံမှုကြောင့် ကျေးရွာအတွင်း ရေများဝင်ရောက်ခဲ့မှုအခြေအနေ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တစ်နာရီလျှင် ရေဂါလန် ၈၀၀ ထွက်ရှိသည့် ရေသန့်စင်စက်ဖြင့် ကျေးရွာအတွင်း သောက်သုံးရေ ဖြန့်ဝေပေးနေမှု အခြေအနေကို သွားရောက်ကြည့်ရှုပြီး ကျေးရွာအတွင်း ရေစီးရေလာကောင်းမွန်စေရေး၊ ရေစီးလမ်းကြောင်းများ ရေထုတ်ပြွန်များမှ ရေများ ပြန်လည်စီးဆင်းနိုင်စေရေး၊ အမှိုက်များ၊ ဒိုက်များ ဖယ်ရှားရှင်းလင်းရေးတို့ကို အမြန်ဆုံးဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျိုက်မရော၌ သန်းခေါင်စာရင်းကောက်ယူနေမှု တာဝန်ရှိသူများ ကြည့်ရှုအားပေး ပံ့ပိုးကူညီ

**ကျိုက်မရော အောက်တိုဘာ ၁**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း စတင်ကောက်ယူနေမှုများအား ယနေ့ နံနက်ပိုင်းက မြို့နယ်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးဦးနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်တို့က ရပ်ကွက်/ ကျေးရွာများအတွင်း လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပံ့ပိုးကူညီပေးကြသည်။

ကျိုက်မရောမြို့နယ်တွင် ရပ်ကွက်/ ကျေးရွာတို့၌ သန်းခေါင်စာရင်းကောက်ကွက်ပေါင်း ၁၇၈ ကွက်ရှိပြီး မြို့နယ်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီ၏ဦးဆောင်ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို စာရင်းစစ်၊ စာရင်းကောက် ၁၀၉ ဦးတို့မှ လိုက်လံကောက်ယူလျက်ရှိကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး (ပြန်/ဆက်)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူနေမှုများကို ကြည့်ရှုစစ်ဆေး

**ပုသိမ် အောက်တိုဘာ ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ပေါ်နှင့် ကန်ကြီးထောင့်မြို့နယ်တို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။



ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ပုသိမ်မြို့ အမှတ်(၂) ရပ်ကွက်တွင် စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များ၊ အထောက်အကူပြုအဖွဲ့များဖြစ်သည့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့နှင့်တိုင်းရင်းသားဘာသာရပ်သင်ဆရာ ဆရာမများက သန်းခေါင်စာရင်းကောက်ယူနေမှုများကို ကြည့်ရှုအားပေးပြီး အချက်အလက်များ မှန်ကန်စွာ ရေးသွင်းစေရေး၊ ပြည်သူများကလည်း မေးမြန်းချက်များကို ပြည့်စုံမှန်ကန်စွာ ဖြေကြားပေးနိုင်ရေး မှာကြားသည်။

ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ကန်ကြီးထောင့်မြို့နယ် အနောက်စုကြီးကျေးရွာသို့ သွားရောက်၍ စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များ၊ အထောက်အကူပြုအဖွဲ့များဖြစ်သည့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့နှင့် တိုင်းရင်းသားဘာသာရပ်သင်ဆရာ ဆရာမများက သန်းခေါင်စာရင်းကောက်ယူနေမှုများကို ကြည့်ရှုအားပေးပြီး စာရင်းကောက်အဖွဲ့များ ဘာသာစကား အခက်အခဲမရှိစေရေးအတွက် အထောက်အကူပြုအဖွဲ့များမှ ကူညီဆောင်ရွက်ပေးနေမှုများ၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားပြီး တာဝန်ရှိသူများကို သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်းပြီးစီးစေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ဧရာဝတီ တိုင်းဒေသကြီး၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၊ ရပ်ကွက် ၃၀၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၉၂၀ ရှိ အိမ်ထောင်စုကောက်ကွက်ပေါင်း ၁၄၂၉၆ ကွက်တွင် စာရင်းကောက်အဖွဲ့ပေါင်း ၁၀၂၂ဖွဲ့၊ စာရင်းစစ် ၁၁၅၀၊ စာရင်းကောက် ၄၃၂၈ ဦး စုစုပေါင်း ၅၄၇၈ ဦး အပြင် အထောက်အကူပြုအဖွဲ့များဖြစ်သည့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့နှင့်တိုင်းရင်းသားဘာသာရပ်သင်ဆရာ ဆရာမ ၄၂၆ ဦး၊ တက္ကသိုလ်များမှ ကထိက ဆရာ ဆရာမနှင့် ကျောင်းသားကျောင်းသူ ၄၉ ဦး၊ ရပ်မိရပ်ဖများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များဖြင့် သန်းခေါင်စာရင်းကောက်ယူ ဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

## ရေကြီးရေလျှံခဲ့မှုများနှင့်စပ်လျဉ်း၍ ပျက်စီးဆုံးရှုံးမှုနှင့် လိုအပ်ချက်ဆန်းစစ်ရေး၊ ဘေးအန္တရာယ်ပြမြေပုံများ ပြုစုထုတ်ဝေရေးဆိုင်ရာ အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

ရေကြီးရေလျှံခဲ့မှုများနှင့် စပ်လျဉ်း၍ ပျက်စီးဆုံးရှုံးမှုနှင့် လိုအပ်ချက်ဆန်းစစ်ရေး၊ ဘေးအန္တရာယ်ပြမြေပုံများ၊ ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံများ ပြုစုထုတ်ဝေရေးဆိုင်ရာ အကြိုညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ-၂၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၂)၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၏ အကြံပေး ပုဂ္ဂိုလ်များဖြစ်သည့် ဒေါက်တာ ဒေါ်ရင်ရင်နွယ်နှင့် ဦးလူအေး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ရာသီဥတု ပြောင်းလဲမှုကြောင့် သမားရိုးကျမဟုတ်သည့် သဘာဝဘေးကျရောက်မှုများ ပိုမိုဖြစ်ပေါ်နေသည့်ကာလတွင် ကြိုတင်သိရှိခြင်း၊ သိရှိသည်များကို လိုက်နာခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့သည် များစွာအရေးပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အားလုံးအကျုံးဝင်ပြီး တစ်ဦးတစ်ယောက်မှ ကျန်လပ်စေခြင်း မရှိသည့် ကြိုတင်ပြင်ဆင်မှုမျိုးဖြစ်စေရေးအတွက် လူထုအခြေပြုနှင့် သင်တန်းကျောင်းအခြေပြု အသိပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း၊ လတ်တလောဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုသည် နှစ်ပေါင်းများစွာအတွင်း တစ်ကြိမ်မျှ မကြုံဖူးသေးသည့်



အစွန်းရောက် ရာသီဥတုဖြစ်စဉ်မျိုးဖြစ်၍ သင်ခန်းစာဖော်ထုတ်ကာ ထိတွေ့ဆုံးရှုံးနိုင်ခြေလျှော့ချရေးကို ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏အရင်းအမြစ်များ၊ အခြေအနေများနှင့် ကိုက်ညီသည့် ဆန်းစစ်မှုမျိုး ဆောင်ရွက်ရန်၊ မိမိနိုင်ငံနှင့်သင့်လျော်သည့် လုပ်ငန်းအစီအစဉ်များဖြစ်စေရန် ဝိုင်းဝန်းဆွေးနွေး ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်များနှင့် အစည်းအဝေးတက်ရောက်လာကြသူများက နိုင်ငံတကာနှင့်ပြည်တွင်းဘေးအန္တရာယ်ကျရောက်ပြီးချိန် ဆန်းစစ်လေ့လာမှုများ၌ ဖော်ထုတ်ရရှိခဲ့သည့် သင်ခန်းစာနှင့် အတွေ့အကြုံများကိုမျှဝေကာ ဆောင်ရွက်သင့်သည်များကို လည်းကောင်း၊ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေ၊ ရန်ပုံငွေကျခံနိုင်သည့်နည်းလမ်း၊ ဆောင်ရွက်သင့်သည့်နယ်ပယ်များကို လည်းကောင်း အကြံပြုဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ *ကျောဖုံးမှ*

လည်းကောင်း ယနေ့ညနေမှ အောက်တိုဘာ ၅ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## သဘာဝဘေးကြောင့်ပျက်စီးသွားသည့် တံတားအမှတ်(၁/၅) ပန်းလောင်မြစ်ကူးတံတား အရှည်ပေ ၁၆၀ ဘေလီတံတားနှင့် ချဉ်းကပ်လမ်းတည်ဆောက်ပြီးစီး

**စဉ့်ကိုင် အောက်တိုဘာ ၁**

စဉ့်ကိုင်မြို့နယ်၌ သဘာဝဘေးကြောင့် ပျက်စီးသွားသော ပလိပ် - တံတားဦး လမ်းမိုင် (၄/၅-၄/၆) အတွင်းရှိ တံတားအမှတ်(၁/၅) ပန်းလောင်မြစ်ကူးတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး တံတားအထူးအဖွဲ့(၄)မှ အရှည်ပေ ၁၆၀ (T /SR2 Extra Wide C 100)ဘေလီတံတားတည်ဆောက်ခြင်းနှင့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် လမ်းဦးစီးဌာနမှ ချဉ်းကပ်လမ်းတည်ဆောက်ပြီးဖြစ်သဖြင့် ယာဉ်များဖြတ်သန်းသွားလာနိုင်ပြီဖြစ်သည်။



အဆိုပါ တံတားပျက်စီးသွားသည့် ပလိပ် - တံတားဦးလမ်းသည် ရန်ကုန် - မန္တလေး အမြန်လမ်း၊ ရန်ကုန် - ပြည် - မန္တလေးလမ်းနှင့် ရန်ကုန် - တောင်ငူ - မန္တလေးလမ်းအား ဆက်သွယ်ပေးထားသောအရေးပါသည့်လမ်းမကြီး ဖြစ်သည်။ ရန်ကုန် - ပြည် - မန္တလေးလမ်းနှင့် ရန်ကုန် - မန္တလေး အမြန်လမ်းမှ ပြင်ဦးလွင်မြို့သို့သွားမည့် ယာဉ်များသည် ပလိပ် - တံတားဦးလမ်းအား ဖြတ်သန်း၍ ရန်ကုန် - တောင်ငူ - မန္တလေးလမ်းအတိုင်း သွားလာနေရသော လမ်းပိုင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဝင်းသန်း(စဉ့်ကိုင်)**





# စိန်ရတုမှာ စိန်ကောင်းတစ်ပွင့်ဖြစ်လာတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရတုအဆက်ဆက်တိုင် အောင်မြင်ပါစေ

ထက်မြတ်

စိန်ရတုဆိုတာ အကြောင်းအရာတစ်ခုခုက နှစ်ပေါင်း ၇၅ နှစ်တိုင်သည်အထိ တည်တံ့ခိုင်မြဲနေတဲ့ အခြေအနေမျိုးကို ခေါ်တာဖြစ်ပါတယ်။ စိန်ဆိုတာကတော့ လူတိုင်းကမြတ်နိုးစွာ တန်ဖိုးထားရသလို အဖိုးလည်းထိုက်တန်လှတဲ့ ရတနာတစ်မျိုးပါ။

စိန်ဆိုတဲ့ရတနာက ၇၅ နှစ်ဆိုတဲ့ ကာလအတွင်းမှာ ဖြစ်ပေါ်တည်ရှိဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ အနည်းဆုံးတော့ နှစ်ပေါင်း တစ်ဘီလီယံကနေ ၃ ဒသမ ၃ ဘီလီယံအထိ ကြာမြင့်တတ်ပါတယ်။

ဒါပေမယ့် စိန်ကဲ့သို့သော တန်ဖိုးကြီးမားလှတဲ့၊ အရောင်အသွေးတောက်ပြောင်လှတဲ့ ကမ္ဘာ့ရတနာကြီးတစ်ပါးကတော့ ၇၅ နှစ်ဆိုတဲ့ ကာလအတွင်းမှာ ဖြစ်ပေါ်တိုးတက်လာခဲ့ပါတယ်။ အဲဒါကတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံပါပဲ။

တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုတာ ဒီကနေ့အချိန်အခါမှာ ကမ္ဘာ့နိုင်ငံများက ယုံကြည်စွာအားကိုးအားထားပြုထိုက်တဲ့ နိုင်ငံတစ်နိုင်ငံအဖြစ်သာမက ကမ္ဘာပေါ်မှာ မဟာအင်အားကြီး နိုင်ငံတစ်နိုင်ငံလည်း ဖြစ်လို့လာနေပါပြီ။

အဘက်ဘက်က မတည်ငြိမ်မှုတွေ၊ အားနည်းချက်တွေရှိနေခဲ့တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနဲ့ ၇၅ နှစ်အတွင်းမှာ ဒီကနေ့လို အနေအထားမျိုးရောက်ရှိဖို့ တော်တော်လေးကို ရုန်းကန်ကြိုးပမ်းခဲ့ရတာပါ။

စိန်ကောင်းတစ်ပွင့် ရဖို့အတွက် ဖိအားများစွာကိုရင်ဆိုင်ရသလို တရုတ်ပြည်သူ့သမ္မတနိုင်ငံကလည်း ဖိအားများစွာ၊ စိန်ခေါ်မှုများစွာ၊ အခက်အခဲအကျပ်အတည်းများစွာကို လိမ္မာပါးနပ်စွာ ကိုင်တွယ်ထိန်းသိမ်းဖြေရှင်းခြင်းအားဖြင့်သာ စိန်ရတုတိုင်လာတဲ့အချိန်မှာ စိန်ကောင်းတစ်ပွင့်ဘဝကို ရရှိခဲ့တာဖြစ်ပါတယ်။

ဒီတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဖြစ်ပေါ်မှု သမိုင်းကြောင်းလေးကို နည်းနည်းလောက် ပြောလိုက်ရအောင်။ ပြီးရင် ဖွံ့ဖြိုးတိုးတက်မှုအတွက် သူတို့တွေ ဘာတွေလုပ်ခဲ့လဲဆိုတာကို အများသူငါအနေနဲ့ သိရှိနိုင်အောင် ဆက်လက်တင်ပြသွားပါမယ်။

## သမိုင်းကြောင်း

တရုတ်နိုင်ငံဆိုတာ နှစ်ပေါင်း ၅၀၀၀ ကျော်သက်တမ်းရှိတဲ့ လူ့အဖွဲ့အစည်းကြီးတစ်ခုပါ။ ဒါပေမယ့် အဲဒီနှစ်တွေအတွင်းမှာ အကြောင်းအမျိုးမျိုးကြောင့် ပဒေသရာဇ်စနစ်ပျက်သုဉ်းတာ၊ သူ့ကျွန်ဘဝရောက်ရတာ၊ ပြည်တွင်းစစ်ဖြစ်ပွားရတာတွေ ရှိပါတယ်။ အဲဒီကာလတွေတုန်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုပြီး ဖြစ်ပေါ်လာခြင်း မရှိသေးပါဘူး။

ဒါကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဖြစ်ပေါ်လာမှု သမိုင်းကြောင်းကို ပြန်ကြည့်ရင် ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်မှာစတင်ခဲ့တာကိုတွေ့ရပါမယ်။ အဲဒီအချိန်တုန်းက တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဥက္ကဋ္ဌ မော်စီတုန်းက ပေကျင်းမြို့လယ်မှာရှိတဲ့ တီယန်မင်ဂိတ်တံခါးအပေါ်ကနေပြီး တရုတ်နိုင်ငံကို "တရုတ်ပြည်သူ့ သမ္မတနိုင်ငံ" လို့ သတ်မှတ်ကြောင်း ကြေညာလိုက်တာပါ။

တရုတ်ကွန်မြူနစ် ပါတီအနေနဲ့ ခေတ်ပြောင်းတော်လှန်ရေးမှာ ချန်ကေရှိတ် ဦးဆောင်တဲ့ ကူမင်တန်အစိုးရကို ဖြုတ်ချနိုင်ပြီးနောက် တရုတ်သမ္မတနိုင်ငံကို တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုပြီး အမည်ပြောင်းလဲသတ်မှတ်ကာ နိုင်ငံထူထောင်လိုက်တာ ဖြစ်ပါတယ်။ အဲဒီနေ့ကိုပဲ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ပါတယ်။

အဲဒီနောက် တရုတ်ကွန်မြူနစ်ပါတီ ခေါင်းဆောင်ကြီး မော်စီတုန်းလက်ထက်မှစလို့ ယနေ့ တရုတ်သမ္မတရှီကျင့်ဖျင် လက်ထက်အထိ ခေါင်းဆောင်အဆင့်ဆင့်က တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ဖွံ့ဖြိုးတိုးတက်မှုတွေရှိလာအောင် ကြံဆောင်ခဲ့ကြသူတွေ၊ လက်တွေ့အကောင်အထည်ဖော်ခဲ့ကြသူတွေ ဖြစ်ပါတယ်။

> ❍ **တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင်ကြီး မော်စီတုန်းလက်ထက်မှစလို့ ယနေ့ တရုတ်သမ္မတရှီကျင့်ဖျင်လက်ထက်အထိ ခေါင်းဆောင်အဆင့်ဆင့်က တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ဖွံ့ဖြိုးတိုးတက်မှုတွေရှိလာအောင် ကြံဆောင်ခဲ့ကြသူတွေ၊ လက်တွေ့အကောင်အထည်ဖော်ခဲ့ကြသူတွေဖြစ်**
>
> ❍ **တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ နိုင်ငံရေးစနစ်ပြောင်းလဲမှုက ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆီကို ဦးတည်နေ**
>
> ❍ **ဒီလိုနည်းနဲ့ လျှောက်လှမ်းနေတဲ့ တရုတ်နိုင်ငံရဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ လမ်းကြောင်းပေါ်မှာ သူတို့တစ်နိုင်ငံတည်းသာမက ကမ္ဘာကြီးရဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူကောင်းများ ဖြစ်စေခဲ့တာကိုလည်း တွေ့ရ**
>
> ❍ **ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ နေရာတစ်နေရာရထားမှုနှင့်အတူ ကမ္ဘာတစ်ဝန်းမှာ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတွေကိုလည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နေ**

## စာတတ်မြောက်မှု

ပြည်သူတွေဟာ ပညာတတ်မြောက်မှ နိုင်ငံတော်လည်း ဖွံ့ဖြိုးတိုးတက်လာမယ်ဆိုတာ တရုတ်ခေါင်းဆောင်တွေက သိပါတယ်။ ဒါကြောင့် ပညာရေးကို ဦးစားပေးပြီး အကောင်အထည်ဖော်မှုတွေ လုပ်ဆောင်ခဲ့ရာ ၁၉၄၉ ခုနှစ်မှာ စာဖတ်တတ်သူ အရေအတွက်က လူဦးရေရဲ့ ၂၀ ရာခိုင်နှုန်းသာရှိရာမှ နှစ်ပေါင်း ၃၀ ကြာပြီးတဲ့အချိန်မှာ စာဖတ်တတ်သူဦးရေ ၆၅ ဒသမ ၅ ရာခိုင်နှုန်းအထိ မြင့်တက်လာပါတယ်။

၂၀၂၀ ခုနှစ်မှာ စာတတ်မြောက်မှုနှုန်းက ၉၉ ဒသမ ၈ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ပြီလို့ ကမ္ဘာ့ဘဏ်ရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ ဒါကြောင့် ၂၀၂၄ ခုနှစ်မှာ တရုတ်နိုင်ငံရဲ့ စာတတ်မြောက်မှုနှုန်းက ရာနှုန်းပြည့်ဖြစ်နေပြီလို့ ယုံကြည်ရပါတယ်။

နိုင်ငံသားတွေ စာတတ်မြောက်မှုနှင့်အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ခေါင်းဆောင်အသီးသီးက ဖော်ဆောင်ခဲ့ပါသေးတယ်။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူတွေထဲမှာတော့ ယနေ့ ကမ္ဘာမှာ တရုတ်နိုင်ငံက အအောင်မြင်ဆုံးဖြစ်နေတာကို တွေ့ရမှာပါ။

## စီးပွားရေး

ဒီလိုအောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်နိုင်ဖို့အတွက် စီးပွားရေးပြုပြင်ပြောင်းလဲမှုနဲ့ တံခါးဖွင့်မူဝါဒကို တရုတ်ကွန်မြူနစ် ပါတီခေါင်းဆောင်တစ်ဦးဖြစ်တဲ့ တိန့်ရှောင်ဖိန်က ချမှတ်ခဲ့ပါတယ်။

မူဝါဒချမှတ်မှုနဲ့အတူ တခြားနိုင်ငံတွေရဲ့ စီးပွားရေးလုပ်ဆောင်မှု နည်းနာတွေကိုလည်း လေ့လာစေခဲ့ပါသေးတယ်။ တိန့်ရှောင်ဖိန်လက်ထက်မှာ စင်ကာပူနိုင်ငံကို သွားရောက်ပြီး စီးပွားရေးဆိုင်ရာ နည်းနာနိသျယတွေကို ဆည်းပူးဖို့စေလွှတ်ခံရတဲ့ အရာရှိစုစုပေါင်း ၂၂၀၀၀ ကျော် ရှိပါတယ်။

ဒါ့အပြင် အထူးစီးပွားရေးဇုန်တွေကိုလည်း ဖော်ထုတ်နိုင်ခဲ့သလို ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကိုလည်း ဝင်ရောက်စေခဲ့ပြန်ပါတယ်။ ၁၉၈၄ ခုနှစ် မေလမှာ ရှန်ဟိုင်း၊ ကွမ်ကျိုးနဲ့ တီယန်ကျင်းတို့အပါအဝင် ကမ်းရိုးတန်းမြို့ပေါင်း ၁၄ မြို့ကို "တံခါးဖွင့်ကမ်းရိုးတန်းမြို့များ" အဖြစ် ခေါ်ဝေါ်သတ်မှတ်ပြီး စီးပွားရေးတိုးတက်မှုတွေရရှိအောင် ကြိုးပမ်းအားထုတ်ခဲ့ပါတယ်။

*စာမျက်နှာ ၁၁ သို့*

# နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ခြင်းအပေါ် ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီက ကြိုဆိုထောက်ခံကြောင်း သဘောထားများထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကိုထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန် အလို့ငှာ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအား လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကိုစွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကိုထောက်ရှု၍ နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့မှုအပေါ် ကြိုဆိုထောက်ခံပါကြောင်း ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီက သဘောထားထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ခုနှစ်၊ အောက်တိုဘာလ (၁) ရက်

၁။ မိမိတို့ ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီသည် နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်မှုကို လက်ခံထားပါသည်။ မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရပြီးသည်မှ ယနေ့ထိ တိုင်းပြည်တစ်ဝန်းတွင် ယမ်းငွေ့များ ဝေလျက်ရှိပါသည်။ တိုင်းပြည်ငြိမ်းချမ်းမှသာ နိုင်ငံတိုးတက်မည်ဖြစ်သောကြောင့် တိုင်းပြည်ငြိမ်းချမ်းရေးကို ရှေးရှုလျက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခြင်း ပြုလုပ်ခဲ့ပါသည်။

၂။ မိမိတို့နိုင်ငံသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရမည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၌ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်အာဏာလွှဲအပ်ရန် ဆောင်ရွက်နေသော်လည်း အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းများသည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် မဖြေရှင်းဘဲ အကြမ်းဖက်နည်းနှင့် ဆောင်ရွက်နေသောကြောင့် အပြစ်မဲ့ ရဟန်းများ၊ ဝန်ထမ်းများ၊ ပြည်သူများသည် အသက်ဆုံးရှုံးရပြီး နေရပ်စွန့်ခွာ တိမ်းရှောင်နေရသည်မှာလည်း ပြည်သူများ အသိပင်ဖြစ်သည်။ ဤကဲ့သို့ အကြမ်းဖက်နှင့်လက်နက်ကိုင် အဖွဲ့အစည်းများ၏ လုပ်ရပ်များကို ပြည်သူများမှ လိုလားမည်မဟုတ်ပါ။



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက်က အမှတ်(၄) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၊ တပ်ဖွဲ့ခွဲခန်းမ၌ ကျင်းပရာ အမှတ်(၃) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့၊ ကွပ်ကဲရေးမှူး ယာယီရဲမှူးချုပ် လင်းထွဋ်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးထံမှ ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားစဉ်။ သတင်းစဉ်

## စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ကျော်လွန်

**နေပြည်တော် အောက်တိုဘာ ၁**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ခန့် ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ

*စာမျက်နှာ ၁၀ မှ*

တိန့်ရှောင်ဖိန်ဟာ နောင်တစ်ချိန်မှာ သိပ္ပံနှင့်နည်းပညာကသာ အခရာဖြစ်လာမယ်ဆိုတာကို ကြိုသိခဲ့သလိုပါပဲ။ သိပ္ပံနှင့်နည်းပညာက ပင်မကုန်ထုတ်လုပ်မှုစွမ်းအား ဖြစ်တယ်လို့ကို သတ်မှတ်ပြီးတော့ မူဝါဒချမှတ် အကောင်အထည်ဖော်မှုတွေကို လုပ်ဆောင်ခဲ့ပါတယ်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံဟာ ကိုယ်တိုင်လည်း တံခါးဖွင့်ဝါဒကို ကျင့်သုံးပြီး ပြည်တွင်းမှာ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို လက်ခံခြင်းအားဖြင့် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ခဲ့သလို ပြည်ပနိုင်ငံများနဲ့ ဆက်ဆံရေးကောင်းများတည်ဆောက်ပြီး ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် နှစ်ဦးနှစ်ဖက် အကျိုးရှိစေတဲ့ စီးပွားရေးအခွင့်အလမ်းများကိုလည်း ဖော်ဆောင်ခဲ့ပါတယ်။

အခုဆိုရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ ကမ္ဘာပေါ်မှာ ဒုတိယမြောက် စီးပွားရေးအင်အားကြီးနိုင်ငံ ဖြစ်လာသလို သူ့ရဲ့ဂျီဒီပီကလည်း ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်အတွင်းမှာ ယွမ် ၆၁ ဒသမ ၆၈ ထရီလီယံအထိ ရရှိထားတာကို တွေ့ရပါတယ်။

ဒီပမာဏဟာ ပြီးခဲ့တဲ့နှစ်နဲ့ နှိုင်းယှဉ်ရင်တော့ ၅ ရာခိုင်နှုန်း တိုးတက်လာတာပါ။ သူတို့အနေနဲ့ အခုလိုမျိုး စီးပွားရေးတိုးတက်ရမှုမှာ စက်မှုကုန်ထုတ်လုပ်ငန်းက အဓိကနေရာကနေ ပါဝင်နေတာ ဖြစ်ပါတယ်။

### နိုင်ငံရေး

တိန့်ရှောင်ဖိန် လက်ထက်မှာ နိုင်ငံရေးပြောင်းလဲမှုတွေကို အဓိကထားလုပ်ဆောင်ခဲ့တာပါ။ ဒီလိုမျိုး ပြောင်းလဲမှုကြောင့်ပဲ တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းဆီကို အရှိန်အဟုန်နဲ့ အရောက်လှမ်းနိုင်ခဲ့တာ ဖြစ်ပါတယ်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံကို စတင်တည်ထောင်စဉ်က သမားရိုးကျတောင်သူလယ်သမား အသိုင်းအဝိုင်းကနေ ဆိုရှယ်လစ်စနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ပါတယ်။ မော်စီတုန်းအနေနဲ့ နိုင်ငံကောင်းစားမယ်ဆိုတဲ့ မျှော်မှန်းချက်နဲ့ ဒီစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ပေမယ့် ထင်သလောက် ခရီးမပေါက်ခဲ့ပါဘူး။

တိန့်ရှောင်ဖိန် လက်ထက်မှာတော့ နိုင်ငံရေးစနစ်တွေကို စတင်ပြောင်းလဲခဲ့ပါတယ်။ ဒီလိုပြောင်းလဲရတဲ့ ရည်ရွယ်ချက်က အုပ်ချုပ်မှုလုပ်ငန်းတွေကို ကောင်းမွန်ထိရောက်စွာ လုပ်ဆောင်နိုင်စေဖို့၊ ပါတီနဲ့အစိုးရကြားက တာဝန်ယူ၊ တာဝန်ခံမှုတွေကို ကွဲကွဲပြားပြား ရှိစေဖို့နဲ့ ဗျူရိုကရေစီစနစ်ကို အပြီးတိုင်ဖျက်သိမ်းဖို့အတွက်ပါပဲ။

လက်ရှိမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကွန်မြူနစ်စနစ်ကို ကျင့်သုံးနေတယ်ဆိုပေမယ့်လည်း ဗဟိုဦးစီးချုပ်ကိုင်မှုရှိတဲ့ ကွန်မြူနစ်စနစ်တော့ မဟုတ်ပါဘူး။ တရုတ်မူဟန်နဲ့ ပြည်သူကို မဏ္ဍိုင်ပြုတဲ့ ကွန်မြူနစ်စနစ်ကို ကျင့်သုံးနေတာဖြစ်ပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ နိုင်ငံရေးစနစ် ပြောင်းလဲမှုက ဘယ်ကိုအဓိကဦးတည်လဲဆိုရင် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆီကို ဦးတည်နေတာပါ။ ဒီလိုနည်းနဲ့ လျှောက်လှမ်းနေတဲ့ တရုတ်နိုင်ငံရဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ လမ်းကြောင်းပေါ်မှာ သူတို့တစ်နိုင်ငံတည်းသာမက ကမ္ဘာကြီးရဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူကောင်းများဖြစ်စေခဲ့တာကိုလည်း တွေ့ရပါတယ်။

### စစ်ရေး

စစ်ရေးပိုင်းဆိုင်ရာနဲ့ ပြောင်းလဲမှုမှာတော့ တော်တော်ကြီးကို ထင်ထင်ရှားရှား ပြောင်းလဲလာအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ အထူးသဖြင့် လက်ရှိ တရုတ်သမ္မတ ရှီကျင့်ဖျင်လက်ထက်မှာ စစ်သည်အင်အားဖောင်းပွမှုကို ကျစ်ကျစ်လျစ်လျစ်ဖြစ်စေပြီး စစ်လက်နက်ပစ္စည်းတွေရဲ့စွမ်းပကားကို သိသာထင်ရှားစွာ တိုးမြှင့်ခဲ့ပါတယ်။

စစ်အင်အားကြီးနိုင်ငံများရဲ့ ပြယုဂ်တစ်ခုဖြစ်တဲ့ လေယာဉ်တင်သင်္ဘောဆိုရင်လည်း သုံးစင်းအထိ ပိုင်ဆိုင်နေပါပြီ။ အဲဒီထဲမှာမှ နှစ်စင်းကို ပြည်တွင်းမှာပဲ ထုတ်လုပ်ထားတာပါ။ အခုလက်ရှိမှာလည်း ရေတပ်ရဲ့ စတုတ္ထမြောက် လေယာဉ်တင်သင်္ဘောကို တည်ဆောက်နေပါတယ်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံဟာ နျူကလီးယားလက်နက်ကို ပိုင်ဆိုင်လာမှုနဲ့အတူ ဒုံးကျည်စွမ်းပကားမှာ ခေတ်ရှေ့ပြေး တိုးတက်လာနေပြန်ပါတယ်။ အသံနှုန်းလွန်ဒုံးကျည်ဆိုတာကို တရုတ်နိုင်ငံကလည်း ပိုင်ဆိုင်ထားပါတယ်။

ဒီကနေ့ကမ္ဘာပေါ်မှာ စစ်အင်အားအများဆုံးနိုင်ငံက တရုတ်နိုင်ငံပါ။ စစ်သည်အင်အားစုစုပေါင်းက ၂ ဒသမ ၈ သန်း ရှိပါတယ်။ ဒီပမာဏက အမေရိကန်နိုင်ငံထက်ကို နှစ်ဆလောက် ပိုများနေတာပါ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ စီးပွားရေးအင်အားတောင့်တင်းလာတာနဲ့အမျှ စစ်အင်အားလည်း တိုးတက်လာပြီး အခုဆိုရင် ကမ္ဘာ့ပင်လယ်ရေကြောင်း လုံခြုံရေးအတွက် တတ်နိုင်သမျှ ပါဝင်ကူညီပေးလျက်ရှိပါတယ်။

### ကမ္ဘာ့ငြိမ်းချမ်းရေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ နိုင်ငံကိုထူထောင်ခဲ့တဲ့ ၇၅ နှစ်တာကာလအတွင်း ဘယ်နိုင်ငံကိုမှ ကျူးကျော်စစ်ဆင်နွှဲခြင်းဆိုတာ မရှိခဲ့ပါဘူး။ ကမ္ဘာ့နိုင်ငံများကြားဖြစ်ပွားနေတဲ့ ပဋိပက္ခတွေ ချုပ်ငြိမ်းအောင်သာ ကူညီပေးခဲ့တာ ရှိပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း ၇၀ တုန်းက တရုတ်နိုင်ငံဟာ "ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်" ကို ချမှတ်အကောင်အထည်ဖော်ခဲ့သလို ဒီလိုချမှတ်မှုကိုလည်း ကမ္ဘာ့နိုင်ငံအများအပြားက လက်ခံကျင့်သုံးခဲ့ကြပါတယ်။

ဒါ့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ နေရာတစ်နေရာရထားမှုနှင့်အတူ ကမ္ဘာတစ်ဝန်းမှာ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတွေကိုလည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နေပါတယ်။

ဒါကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုတာ ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်ပေးသူဆိုတဲ့ အခန်းကဏ္ဍကနေ ပါဝင်နေသူလို့ပြောရင် ငြင်းနိုင်ဖွယ်ရာ အကြောင်းမရှိပါဘူး။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၇၅ နှစ်ကို ပြန်ပြောင်းကြည့်မယ်ဆိုရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုတာ ဆင်းရဲနွမ်းပါးမှု၊ အစာရေစာငတ်ပြတ်မှု၊ ကိုယ်ကျိုးဖက် နိုင်ငံရေးသမားများရဲ့ အကျင့်ပျက်ခြစားမှု၊ နိုင်ငံရေး အပြောင်းအလဲများကြားမှာ ပဋိပက္ခများစွာဖြစ်ပွားမှု၊ အနောက်အုပ်စုမှ နိုင်ငံကြီးတချို့ရဲ့ ထိုးနှက်တိုက်ခိုက်မှု စတာတွေကို ခါးသီးစွာ ရင်ဆိုင်ခဲ့ရတဲ့ နိုင်ငံဖြစ်ပါတယ်။

ဒါပေမယ့်လည်း အခက်အခဲတွေကို အခွင့်အလမ်းအဖြစ် ပြောင်းလဲပြီး အောင်မြင်မှုကို ရယူနိုင်စွမ်းရှိတဲ့ တရုတ်နိုင်ငံသားများရဲ့ စိတ်ဓာတ်နဲ့ လုပ်ရပ်ကြောင့် အခုချိန်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုတာ ဆင်းရဲနွမ်းပါးမှုမရှိသလောက်ပပျောက်၊ အစာရေစာငတ်ပြတ်မှုဆိုတာဝေးလို့ အကျင့်ပျက်ခြစားမှုဆိုတာ လုံးဝမရှိတော့ဘဲ အနောက်အုပ်စုမှ တိုက်ခိုက်မှုတွေကိုလည်း တန်ပြန်ရင်ဆိုင်နိုင်စွမ်းရှိတဲ့ နိုင်ငံကြီးအဖြစ်ကို ရောက်ရှိလို့ လာခဲ့ပါပြီ။

အခုဆိုရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဖြစ်ပေါ်ခဲ့တာဟာ စိန်ရတုသို့ တိုင်ခဲ့ပါပြီ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည်လည်း အဖိုးမဖြတ်နိုင်တဲ့ စိန်ကောင်းတစ်ပွင့်ကဲ့သို့ တောက်ပြောင်ဝင်းလက်လာပါပြီ။ ဒါကြောင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံအနေနဲ့ စိန်ရတုမှသည် ရတုအဆက်ဆက်ထိတိုင် ဆက်လက်တိုးတက်အောင်မြင်ပါစေကြောင်း ဆုတောင်းပေးလိုက်ရပါတယ်။ ။

# MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာရရှိရေးနှင့် ငွေကြေးအရင်းအနှီးရရှိရေး ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် အောက်တိုဘာ ၁

**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးစက်မှုဇုန်အတွင်းရှိ Aung Sein Textile ကုမ္ပဏီ ချည်မျှင်နှင့်ချည်ဆေးဆိုး စက်ရုံသို့ရောက်ရှိပြီး စီလွန်ချည် (Acrylic Yarn) များ ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ချည်မျှင်ဆေးဆိုးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

### ဆွေးနွေးပြောကြား

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်း၌ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် တိုင်းပြည်၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) တိုးတက်ခြင်း၊ ပြည်ပမှတင်သွင်းရမှု လျှော့ချနိုင်ခြင်း၊ ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်သည့် နည်းပညာများရရှိခြင်း၊ ဒေသခံပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိသဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးချဲ့၍ ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင်လည်း အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝါဂွမ်းများကို ပြည်ပသို့တင်ပို့ခြင်းထက် ချည်ထုတ်လုပ်ခြင်း၊ ပိတ်ရက်လုပ်ခြင်း၊ အထည်အလိပ်ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပါက စီးပွားဖြစ်ထွန်းမှုအကျိုးအမြတ် ပိုမိုရရှိသည့်အပြင် ကွင်းဆက်တစ်လျှောက် ပါဝင်ဆောင်ရွက်နေသူအားလုံး ဝင်ငွေတိုး၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

### ကူညီဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် အမရပူရမြို့နယ်ရှိ ဦးဂျမ်းပုဆိုးများ ရက်လုပ်သည့် ရွှေမြင်းပျံစက်ရက်ကန်းလုပ်ငန်း**(ယာပုံ)**၊ ကောင်းခန့်စက်ရက်ကန်းလုပ်ငန်း၊ ရွှေယမင်းစက်ရက်ကန်းလုပ်ငန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာရရှိရေး၊ ငွေကြေးအရင်းအနှီးရရှိရေး၊ လုပ်ငန်းစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဈေးကွက်ရရှိရေးအတွက် MSME ထုတ်ကုန်ပစ္စည်းများ ပြပွဲ/ပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိပြီး အဆိုပါပြပွဲများသို့ ဝင်ရောက်ပြသကြရန်လိုကြောင်း၊ ပြပွဲ/ပြိုင်ပွဲများသို့ ဝင်ရောက်ပြသခြင်းဖြင့် MSME လုပ်ငန်းရှင်အချင်းချင်း ချစ်ခင်ရင်းနှီးမှုရရှိ၍ နည်းပညာများဖလှယ်နိုင်ခြင်း၊ လုပ်ငန်းရှင်အချင်းချင်း၏ အားသာချက်/အားနည်းချက်များကို သိရှိနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး လုပ်ငန်းရှင်များ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*ကျောဖုံးမှ*

စသည့် သတ်မှတ်နေရာများအတွင်းရှိ ဌာနဆိုင်ရာ အကြီးအကဲများ၏ မိသားစုဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၏ မိသားစုဝင်များ၊ ရပ်ကွက်နေပြည်သူများ၏ မိသားစုဝင်များကို မြို့နယ်သန်းခေါင်စာရင်း ကောက်ယူရေးကြီးကြပ်မှုကော်မတီ၊ ရပ်ကွက်သန်းခေါင်စာရင်း ကော်မတီ၊ ရပ်ကွက် သန်းခေါင်စာရင်းကောက်ယူရေး အထောက်အကူပြုအဖွဲ့များနှင့် ပူးပေါင်း၍ သတ်မှတ်နေရာများသို့ သွားရောက်ပြီး အိမ်ထောင်စုမေးခွန်းပုံစံမေးခွန်း (၆၈) ခုကို Mobile Tablet များ အသုံးပြုကာ မေးမြန်းစာရင်း ကောက်ယူပြီး ရရှိလာသည့် အချက်အလက်များကို CAPI စနစ်ကို အသုံးပြု၍ နေပြည်တော် ရုံးချုပ် Server သို့ ပေးပို့ခြင်းများ ဆောင်ရွက်ကြသည်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် မိသားစုဝင်များအား သန်းခေါင်စာရင်းကောက်ယူစဉ်။

### ပူးပေါင်းဆောင်ရွက်

နေပြည်တော်ကောင်စီနယ်မြေအတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရန် ကောက်ကွက် ၂၇၁ ကွက်ကို စာရင်းစစ် ၂၃ ဦး၊ စာရင်းကောက် ၈၈ ဦးဖြင့် သတ်မှတ်နေရာများအလိုက် ကောက်ယူသွားမည် ဖြစ်ရာ တိုင်းရင်းသား ပြည်သူများက မိမိတို့အကျိုး၊ နိုင်ငံ့အကျိုးအတွက် ဝိုင်းဝန်းပူးပေါင်းလက်တွဲ ဆောင်ရွက်ကြရန်လိုအပ်သည်။

### ၁၀ နှစ်လျှင်တစ်ကြိမ် မဖြစ်မနေဆောင်ရွက်

အဆိုပါ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကွင်းဆင်းကောက်ယူသွားမည်ဖြစ်သည်။ သန်းခေါင်စာရင်းကွင်းဆင်းကောက်ယူခြင်းမှ ရရှိသည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များအပေါ် အခြေခံ၍ နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း ဖြစ်သဖြင့် လူဦးရေ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို နိုင်ငံအလိုက် ၁၀ နှစ်လျှင် တစ်ကြိမ် မဖြစ်မနေ ဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

---

## သဘာဝဘေးကြောင့် ပျက်စီးသွားသည့် ကျောက်ဆည် - တံစိုး - မင်းစု - မြစ်သားလမ်း၌ ပျက်စီးသွားသည့် ၆/၈ တံတားအား ပြန်လည်ခင်းပေးပြီးဖြစ်

**ကျောက်ဆည် အောက်တိုဘာ ၁**

ကျောက်ဆည်မြို့နယ်၌ သဘာဝဘေးကြောင့် ပျက်စီးသွားသည့် ကျောက်ဆည် – တံစိုး – မင်းစု – မြစ်သားလမ်းမှ ၆/၈ တံတားအား ဆောက်လုပ်ရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် လမ်းဦးစီးဌာနအဖွဲ့မှ ပြန်လည်ပြုပြင်ပေးရာ လုပ်ငန်းများပြီးစီးပြီဖြစ်၍ ပြည်သူများ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားပျက်စီးသွာသည့် ကျောက်ဆည် – တံစိုး – မင်းစု– မြစ်သားလမ်းသည် ကျောက်ဆည်မြို့နှင့် မြစ်သားမြို့တို့အား ဆက်သွယ်ထားသော အတိုဆုံးလမ်းဖြစ်ကြောင်းနှင့် ပျက်စီးသွားသည့် ၆/၈ တံတားအား ကုန်စည်စီးဆင်းမှုမြန်ဆန်လွယ်ကူစေရန် ကျောက်ဆည်ခရိုင်လမ်းဦးစီးဌာနအဖွဲ့မှ အရှည်ပေ ၆၀ ဘေလီတံတား Double Single တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



---

## ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ပြင်ဦးလွင်မြို့ရှိ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး)၏ သုတေသနရလဒ်များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် စက်တင်ဘာ ၂၉ ရက်က ပြင်ဦးလွင်မြို့ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး) သို့ ရောက်ရှိပြီး သတင်းအချက်အလက်သိပ္ပံဌာန၊ အီလက်ထရောနစ် အင်ဂျင်နီယာမဟာဌာန၊ တိကျစက်ပစ္စည်းထုတ်လုပ်မှု အင်ဂျင်နီယာမဟာဌာန၊ အဆင့်မြင့်ဒြပ်ပစ္စည်းအင်ဂျင်နီယာမဟာဌာနတို့မှ ခင်းကျင်းပြသထားသည့်သုတေသနလုပ်ငန်းများ၏ ရလဒ်များနှင့် ကွန်ပျူတာအင်ဂျင်နီယာဌာန၊ e–learning Center ရှိ Multimedia Stereo Room တို့ကို ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက သုတေသနရလဒ်များမှ အကျိုးကျေးဇူးများကို ပြည်သူများ ရရှိနိုင်စေရေးအတွက် ပြင်ဦးလွင်မြို့ရှိ MSME များ ဖွံ့ဖြိုးအောင် လက်တွေ့ကျကျ အသုံးချနိုင်ရေး ဆက်စပ်ဌာနများ ပြင်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မြှင့်တင်ဆောင်ရွက်ရန်၊ Smart City နှင့် Eco–Tourism အပါအဝင် ဒေသအကျိုးပြု စီမံကိန်းများနှင့် ကိုက်ညီသော နည်းပညာသုတေသနလုပ်ငန်းများကို အလေးထား ဆောင်ရွက်သွားရန်၊ နိုင်ငံတကာ တက္ကသိုလ်များနှင့် နည်းပညာများ မျှဝေဖလှယ်ရန်၊ Online သင်ခန်းစာများ ပို့ချရန်အပြင် ပြည်သူလူထုထံ နည်းပညာဖြန့်ဝေရေးနှင့် အသိပညာပေးရေး လုပ်ငန်းများ ထိရောက်ပီပြင်စွာ မြှင့်တင်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဝန်ကြီးဌာနကွပ်ကဲမှုအောက် ဌာနများမှဝန်ထမ်းများနှင့်တွေ့ဆုံပြီး လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကာ မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ် (၁၀၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုအခမ်းအနားအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ၅၀၀ ကေဗွီ ဘုရားကြီးဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း တိုးတက်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ၅၀၀ ကေဗွီ ဘုရားကြီးဓာတ်အားခွဲရုံစီမံကိန်း လုပ်ငန်း တိုးတက်မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**



ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ဓာတ်အားခွဲရုံစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လက်ရှိလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ရာတွင် ဝန်ထမ်းအင်အား၊ စက်ယန္တရားအင်အားကို ပိုမိုတိုးချဲ့စုဖွဲ့၍ ဟန်ချက်ညီပြီးစီးနိုင်ရေး အင်တိုက်အားတိုက် ဆောင်ရွက်သွားရန်၊ လုပ်ငန်းများအလိုက် ပြီးစီးရမည့် အချိန်ဇယားများ ရေးဆွဲထားပြီး ၎င်းအချိန်ဇယားများအတိုင်း ပြီးစီးနိုင်ရေးအဆင့်ဆင့် ကြပ်မတ်၍ အရည်အသွေး စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်သွားရန်၊ ပစ္စည်းများ အချိန်မီရောက်ရှိရေး၊ ရောက်ရှိပြီးပစ္စည်းများ ပျက်စီးမှုမရှိစေရေး စနစ်တကျ ထားသိုထိန်းသိမ်းသွားရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် စီမံကိန်းလုပ်ငန်းခွင်အတွင်း Control Building နှင့် Switch Yard တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ထရန်စဖော်မာများ၊ Shunt Reactor တပ်ဆင်နေမှုနှင့် Hybrid Gas Insulated Switchgear (HGIS) တပ်ဆင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယခုအကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည့် ၅၀၀ ကေဗွီ ဘုရားကြီးဓာတ်အားခွဲရုံစီမံကိန်း ဆောင်ရွက်ပြီးစီးပါက ၅၀၀ ကေဗွီ ဓာတ်အားလိုင်းစနစ်ဖြင့် မြန်မာနိုင်ငံမြောက်ပိုင်းမှ ထုတ်လုပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားများကို မြန်မာနိုင်ငံတောင်ပိုင်းသို့ ဗို့အားပြည့်ဝတည်ငြိမ်စွာဖြင့် ပို့လွှတ်နိုင်မည်ဖြစ်သည်။ ယခုအခါ ၅၀၀ ကေဗွီ ဓာတ်အားခွဲရုံများ တည်ဆောက်နေဆဲကာလတွင် ၂၃၀ ကေဗွီ ဗို့အားဖြင့် လျှပ်စစ်ဓာတ်အားများ စတင်ပို့လွှတ်ပေးလျက်ရှိပြီး ၅၀၀ ကေဗွီစနစ်ဖြင့် ပို့လွှတ်နိုင်ရန်အတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းအပါအဝင် စီမံကိန်းတစ်ခုလုံးအနေဖြင့် ၇၇ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကာ ၂၀၂၅ ခုနှစ် ဧပြီလအတွင်း စီမံကိန်းတစ်ခုလုံး ရာနှုန်းပြည့် ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ဒုတိယဝန်ကြီး ဦးရဲတင့် တောင်ငူမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ အရန်ထုတ်လွှင့်စက်များဖြင့် ထုတ်လွှင့်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁** ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနရုံး၌ စာပေ၊ ရုပ်ရှင်၊ ဂီတတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စာဆိုဗိမာန်တည်ဆောက်ပြီးပါက အခန်းများ ဖွဲ့စည်းမှုနှင့် ခင်းကျင်းပြသမှုများအတွက် ကြိုတင်ပြင်ဆင်နိုင်ရေး ညှိနှိုင်းဆွေးနွေးသည်။

ညနေပိုင်းတွင် တောင်ငူမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိပြီး ရေဝင်ရောက်စဉ်က တင်ကျန်ရစ်သော ရွှံ့ညွှန်များ ရှင်းလင်းပြီးစီးမှုနှင့် စက်ပစ္စည်းများ ပြန်လည်စစ်ဆေးပြုပြင်နေမှု၊ မူလလွှင့်စက်များ ပြုပြင်နေစဉ် ရုပ်မြင်သံကြားနှင့် ရေဒီယိုအစီအစဉ်များကို အရန်ထုတ်လွှင့်စက်များဖြင့် ထုတ်လွှင့်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။ (ဝဲပုံ)

ထို့နောက် သန့်ရှင်းရေးနှင့် စက်ပြုပြင်နေကြသော အင်ဂျင်နီယာများနှင့် ဝန်ထမ်းများကို တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ **သတင်းစဉ်**

## မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်

**နေပြည်တော် အောက်တိုဘာ ၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။

မိုး/ဇလ

# ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသ သန့်ရှင်းသာယာလှပရေးနှင့် ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမှုကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁** သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု) ဒုတိယဝန်ကြီး ဒေါ်နုမြဇံနှင့် တာဝန်ရှိသူများသည် ယမန်နေ့က ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းအဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ပုဂံကမ္ဘာ့အမွေအနှစ် ဒေသအတွင်း သန့်ရှင်း သာယာလှပစေရေးအတွက် ဇရိယာအလိုက် ဆောင်ရွက်လျက်ရှိသော ဇရိယာ- C အတွင်းရှိ ခြုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ကန္တာရပင်မှ သစ်ငုတ်များ တူးထုတ်ခြင်း လုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားငယ်များဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရှေးဟောင်းအဆောက်အအုံများ ထိခိုက်ပျက်စီးမှု မရှိစေရေးနှင့် လုပ်သားများ ဘေးအန္တရာယ်ကင်းရှင်းစေရေး ဂရုပြုဆောင်ရွက်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသ အမြဲသန့်ရှင်းသပ်ရပ်မှုရှိစေရေး တာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ ဒေသခံများနှင့်ပူးပေါင်း၍ အလေးထား ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းအဆောက်အအုံ အမှတ် – ၁၈၁၂ (ထီးလိုမင်းလို ဘုရား) မြောက်ဘက် မဟာရံ တံတိုင်း ချင်မိတ်တိုးနှင့် အရှေ့ဘက် အာရုံခံတောင်ဘက် မုခ်ကပ် အနည်းငယ်ပဲ့ကျခြင်း၊ ရှေးဟောင်းအဆောက်အအုံ အမှတ်–၁၀၄၂ (ဆင်ကအုတ်တိုက်) တောင်ဘက်နံရံနှင့် ပေါင်းကူးအမိုးပြိုကျမှုကို သွားရောက်ကြည့်ရှုပြီး ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းမှု ဆောင်ရွက်ရေး၊ ရှေးဟောင်း အမွေအနှစ်လက်ရာများ ထိခိုက်မှု မရှိစေရေးနှင့် ရေရှည်ကြံ့ခိုင်စေရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရှေးဟောင်းအဆောက်အအုံ အမှတ် – ၁၁၉၂ (နဂါးရုံဘုရား) အနောက်ဘက် တံတိုင်း အောက်ခြေခံ ပွဲ့ကျခြင်းနှင့် ရှေးဟောင်းအဆောက်အအုံ အမှတ် – ၁၆၇ (ဓမ္မစေတီ) ၏ ပစ္စယာအောက်ပိုင်း ပဲ့ကျခြင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ရာ တာဝန်ရှိသူများက ပျက်စီးမှုအခြေအနေများနှင့် ပြန်လည်ပြုပြင်ထိန်းသိမ်းဆောင်ရွက်မည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ပြုပြင်ထိန်းသိမ်းရာတွင် လိုက်နာရမည့် စည်းမျဉ်း စည်းကမ်း Guideline များနှင့်အညီ စနစ်တကျ ဆောင်ရွက်ရန်မှာကြားခဲ့ပြီး ဆောင်ရွက်ထားရှိမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





မင်္ဂလာဒုံမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဝင်းဝင်းမာနှင့် ဝန်ထမ်းများသည် နွယ်ခွေကျေးရွာ အမှတ် (၁၄) အခြေခံပညာ အလယ်တန်းကျောင်း၌ စက်တင်ဘာ ၂၈ ရက်က ကျောင်းသား ကျောင်းသူများအား ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး တိုက်ကျွေးစဉ်။

မြို့နယ် (ပြန်/ဆက်)



ကချင်ပြည်နယ် ဗန်းမော်မြို့၌ အောက်တိုဘာ ၁ ရက်က ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်မှုကို ခရိုင် သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်လတ်၊ မြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုအားပေးစဉ်။

ဇော်ဘီ



## ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့၌ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုအားပေး

**မြစ်ကြီးနား အောက်တိုဘာ ၁**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ယနေ့ အောက်တိုဘာ ၁ ရက်မှ စတင်၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စတင်ဆောင်ရွက်ပြီဖြစ်ရာ အောက်တိုဘာ ၁ ရက် နံနက် ၇ နာရီက မြစ်ကြီးနားမြို့၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို ပြည်နယ်ဝန်ကြီးချုပ် နေအိမ်၌ ကောက်ယူခဲ့ကြသည်။(**အပေါ်ပုံ**)

ထို့အတူ ပြည်နယ်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်သည် ခရိုင်/မြို့နယ်သန်းခေါင်စာရင်း ကော်မတီအဖွဲ့ဝင်များ၊ သန်းခေါင်စာရင်း အထောက်အကူပြုအဖွဲ့ဝင်များနှင့် အတူ မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်(နောင်ရာ)အပိုင်း အတွင်း တစ်အိမ်တက်ဆင်းစနစ်ဖြင့် စာရင်းကောက်အဖွဲ့များ၏လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ကောက်ခံလျက်ရှိ

**ပဲခူး အောက်တိုဘာ ၁**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအား အောက်တိုဘာ ၁ ရက် နံနက်ပိုင်းမှစ၍ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် ကောက်ယူလျက်ရှိသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး သန်းခေါင်စာရင်း ကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအေးမောင်ကြည် ဦးဆောင်သော အဖွဲ့မှ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်၏ နေအိမ်နှင့် အစိုးရအဖွဲ့ ဝန်ကြီးများ၏ နေအိမ်များ၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများ ကောက်ယူခဲ့ကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့အတွင်းရှိ ရုံးကြီးရပ်ကွက် ယုဇနလမ်း၊ ရှင်စောပုရပ်ကွက်၊ (၃၃) လမ်းနှင့် ဥသျှောင်မြို့သစ်၊ ရပ်ကွက်ကြီး(၇)၊ တပင်ရွှေထီး လမ်းတို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနေမှုအား ကွင်းဆင်းကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။(**အောက်ပုံ**)

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အမြို့မြို့ အနယ်နယ်၌ စတင်ကောက်ယူ



၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောက်တိုဘာ ၁ ရက်မှစတင်၍ ချင်းပြည်နယ် ဟားခါးမြို့တွင် ကောက်ယူလျက်ရှိရာ စာရင်းစစ်၊ စာရင်းကောက်အဖွဲ့ များမှ သက်ဆိုင်ရာကောက်ကွက်များအလိုက် တစ်အိမ်တက်ဆင်း လိုက်လံကောက်ယူလျက်ရှိပြီး ခရိုင်၊ မြို့နယ်သန်းခေါင်စာရင်း ကော်မတီဝင်များက အနီးကပ်လိုက်ပါ ဆောင်ရွက်လျက်ရှိစဉ်။ မောင်တက်လမ်း

သာယာဝတီမြို့နယ်၌ ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုကို အောက်တိုဘာ ၁ ရက်မှစတင် ဆောင်ရွက်လျက်ရှိပြီး စာရင်းကောက်ယူမှုများအား မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးစဉ်။ ခရိုင်(ပြန်/ဆက်)





ပေါင်မြို့နယ်အတွင်း လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စတင်ကောက်ယူနေမှုကို အောက်တိုဘာ ၁ ရက်က သထုံခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲနိုင်၊ သထုံ တပ်နယ်မှူး ဗိုလ်မှူးကြီး အောင်အောင်ဟိန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ လိုက်လံကြည့်ရှုအားပေးစဉ်။ မွန်မလေး(ပြန်/ဆက်)



လက်ပံတန်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းကို အောက်တိုဘာ ၁ ရက်က သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ကောက်ကွက်များအလိုက် စတင်ကောက်ယူခဲ့ရာ သာယာဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမင်းအောင်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးစဉ်။ မြို့နယ်(ပြန်/ဆက်)

ပြည်မြို့နယ်ရှိ ဆေးရုံ/ဆေးခန်း၊ ရဲစခန်းနှင့် အချုပ်ခန်းများ၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်းလုပ်ငန်းကို သက်ဆိုင်ရာ စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များဖြင့် စတင်ကောက်ယူနေမှုကို ပြည်ခရိုင်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်၊ ခရိုင်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရဲနောင်နှင့် တာဝန်ရှိသူများအဖွဲ့က လိုက်လံကြည့်ရှုအားပေးစဉ်။ ကိုဆက်(ပြန်/ဆက်)





ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စတင်ကောက်ယူခြင်းကို အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီမှစ၍ အမှတ်(၁)ရပ်ကွက် ကောက်ကွက်(၁)တွင် ကောက်ယူနေမှုအခြေအနေကို မြို့နယ်သန်းခေါင်စာရင်းကော်မတီအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းအောင်၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

နေပြည်တော် အောက်တိုဘာ ၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံ စုစုပေါင်း (၁၂) ခုရှိရာ အောက်တိုဘာ ၁ ရက်၌ ပေါင်းလောင်းရေလှောင်တမံတွင် (၃ ဒသမ ၁၅) ပေနှင့် ငလိုက်ရေလှောင်တမံတွင် (၀ ဒသမ ၀၅) ပေ ကန်ရေပြည့်အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှု အခြေအနေမှာ လျော့ကျလာလျက်ရှိသည်။

အဆိုပါ ရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား (၂၄) နာရီ ရောကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိပါကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ - ၁.၁၀.၂၀၂၄
(၆ : ၀၀) နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၁.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၃၂၈၁၈ | ၆၂၆.၅၄ | ၅၆၂၈၈၆ | ၁၈၆၉၁ (လျှပ်စစ်) ထုတ်ရေ | - | - | ၃.၁၅ | ၁၃၄၈၂ | ၀.၁၅ | ၆၂၆.၈၆ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၁၀၃ | ၆၂၄.၅၀ | ၂၅၈၉၅ | - | ၁၀.၅၀ | ၁၀၆၀၅ | - | - | - | ၆၂၄.၄၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၃၁၀ | ၅၁၈.၇၀ | ၈၈၂၂၁ | ၂၇၁ | ၁.၃၀ | ၃၅၄၉ | - | - | ၀.၀၂ | ၅၁၈.၇၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၁၀.၂၀ | ၁၀၈၆၅ | ၇ | ၁.၈၀ | ၁၃၉၂ | - | - | ၀.၁၄ | ၅၁၀.၃၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၂၈၉ | ၄၃၇.၇၀ | ၆၉၁၀၀ | ၂၃ | ၁.၃၀ | ၃၉၀၀ | - | - | - | ၄၃၇.၆၅ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၁၇ | ၅၃၅.၀၅ | ၇၅၁၄၄ | - | - | - | ၀.၀၅ | ၂၇ | ၀.၄၀ | ၅၃၅.၁၀ |
| ၇ | သဲမြို့တမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁၁ | ၄၁၆.၅၆ | ၇၉၀၅ | - | ၁.၄၄ | ၈၁၃ | - | - | ၀.၃၀ | ၄၁၆.၅၆ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၆၃ | ၇၀၂.၇၅ | ၁၀၃၃၀၉ | ၂ | ၇.၂၅ | ၃၉၇၈၁ | - | - | - | ၇၀၂.၇၅ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၂၆ | ၆၀၁.၉၀ | ၄၉၅ | - | ၀.၁၀ | ၅ | - | - | ၀.၂၅ | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၉ | ၈၆၄.၄၀ | ၁၀၆၄၅ | - | ၅.၆၀ | ၃၉၅၅ | - | - | - | ၈၆၄.၅၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | ၀.၂၀ | ၆၇၄.၀၀ |

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေပိုလွှဲမှ ရေကျော်နေသည့် တမံများ၏ အခြေအနေ (၁.၁၀.၂၀၂၄)ရက်နေ့ (၀၆ : ၀၀) နာရီ

| စဉ် | ရေလှောင်တမံ/ ဆည်/ကန်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် ရေမှတ် (ပေ) | တမံထိပ် ပြင်မြင့် အမှတ် (ပေ) | (၃၀.၉.၂၀၂၄) နံနက် (၀၆:၀၀) နာရီ ရေမှတ် (ပေ) | (၁.၁၀.၂၀၂၄) နံနက် (၀၆:၀၀) နာရီ ရေမှတ် (ပေ) | ခြားနားချက် နှိုင်းယှဉ်ချက် + တိုး - လျော့ (ပေ) | ရေကျော် အမြင့် (ပေ) | တမံထိပ် ရောက်ရှိရန်လို (ပေ) | အမြင့်ဆုံး ရောက်ရှိ ခဲ့သည့် ရေမှတ် (ပေ) | အမြင့်ဆုံး ရေကျော် ခဲ့သည့် အမြင့်(ပေ) | အမြင့်ဆုံး ရေမှတ် ရောက်ရှိ ခဲ့သည့် ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ကရင်ပြည်နယ် | | | | | | | | | | | | |
| ၁ | ရေဘုတ် | ဘားအံ/လှိုင်းဘွဲ့ | ၆၃.၀၀ | ၇၁.၀၀ | ၆၃.၄၀ | ၆၃.၃၀ | -၀.၁၀ | ၀.၃၀ | ၇.၇၀ | ၆၉.၆၀ | ၆.၆၀ | ၂၉.၇.၂၀၁၃ | စိုးရိမ်ရန်မရှိပါ။ |
| | ချင်းပြည်နယ် | | | | | | | | | | | | |
| ၂ | လိုင်ဗား | ဖလမ်း/ဖလမ်း | ၆၂၈၄.၅၀ | ၆၂၉၀.၀၀ | ၆၂၈၅.၀၀ | ၆၂၈၅.၀၀ | ၀.၀၀ | ၀.၅၀ | ၅.၀၀ | - | - | - | စိုးရိမ်ရန်မရှိပါ။ |
| ၃ | အောက်လိုင်ဗား | ဖလမ်း/ဖလမ်း | ၆၂၀၀.၇၅ | ၆၂၁၀.၀၀ | ၆၂၀၀.၈၅ | ၆၂၀၀.၈၅ | ၀.၀၀ | ၀.၁၀ | ၉.၁၅ | ၆၂၀၁.၉၅ | ၁.၂၀ | ၅.၇.၂၀၂၀ | ။ |
| ၄ | သီကီရ် | ဟားခါး/ထန်တလန် | ၅၀၀၀.၀၀ | ၅၀၁၀.၀၀ | ၅၀၀၀.၃၅ | ၅၀၀၀.၃၅ | ၀.၀၀ | ၀.၃၅ | ၉.၆၅ | - | - | - | ။ |
| | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | | | | | |
| ၅ | မြောက်ယမား | ပုလဲ/ပုလဲ | ၄၈၇.၀၀ | ၄၉၈.၀၀ | ၄၈၉.၀၀ | ၄၈၈.၉၀ | -၀.၁၀ | ၁.၉၀ | ၉.၁၀ | ၄၉၄.၂၀ | ၇.၂၀ | ၂၀.၁၀.၂၀၁၁ | စိုးရိမ်ရန်မရှိပါ။ |
| ၆ | ရာဇဂြိုဟ် | ကလေး/ကလေး | ၆၄၀.၅၀ | ၆၆၀.၀၀ | ၆၄၂.၁၀ | ၆၄၁.၈၀ | -၀.၃၀ | ၁.၃၀ | ၁၈.၂၀ | ၆၅၃.၆၀ | ၁၃.၆၀ | ၃၁.၇.၂၀၁၅ | ။ |
| | ပဲခူးတိုင်းဒေသကြီး | | | | | | | | | | | | |
| ၇ | ရေသိုး | တောင်ငူ/အုတ်တွင်း | ၂၂၀.၀၀ | ၂၃၀.၀၀ | ၂၂၀.၄၀ | ၂၂၀.၄၀ | ၀.၀၀ | ၀.၄၀ | ၉.၆၀ | ၂၂၃.၉၀ | ၃.၉၀ | ၇.၁၀.၂၀၀၈ | စိုးရိမ်ရန်မရှိပါ။ |
| ၈ | မင်းရဲ | တောင်ငူ/အုတ်တွင်း | ၂၀၅.၀၀ | ၂၁၅.၀၀ | ၂၀၅.၁၀ | ၂၀၅.၁၀ | ၀.၀၀ | ၀.၁၀ | ၉.၉၀ | ၂၁၁.၅၀ | ၆.၅၀ | ၃.၈.၂၀၂၀ | ။ |
| ၉ | ငမြွေ | တောင်ငူ/ဖြူး | ၂၃၃.၀၀ | ၂၄၂.၀၀ | ၂၃၃.၃၀ | ၂၃၃.၂၀ | -၀.၁၀ | ၀.၂၀ | ၈.၈၀ | ၂၃၆.၂၀ | ၃.၂၀ | ၁၃.၁၁.၂၀၀၁ | ။ |

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၀ | ပျဉ်ပုံကြီး | ညောင်လေးပင်/ဒိုက်ဦး | ၁၅၆.၀၀ | ၁၆၄.၀၀ | ၁၅၆.၁၀ | ၁၅၆.၁၀ | ၀.၀၀ | ၀.၁၀ | ၇.၉၀ | ၁၆၀.၂၀ | ၄.၂၀ | ၈.၁၀.၂၀၂၃ | စိုးရိမ်ရန်မရှိပါ။ |
| ၁၁ | တောင်နဝင်းရေထိန်း | ပြည်/ပေါက်ခေါင်း | ၂၀၁.၄၅ | ၂၂၁.၁၄ | ၂၀၂.၆၀ | ၂၀၂.၄၄ | -၀.၁၆ | ၀.၉၉ | ၁၈.၇၀ | ၂၀၅.၅၅ | ၄.၁၀ | ၁.၉.၂၀၁၉ | ။ |
| ၁၂ | ရွှေတောင် | ပြည်/ရွှေတောင် | ၁၉၃.၀၀ | ၂၀၃.၅၀ | ၁၉၄.၂၀ | ၁၉၄.၁၅ | -၀.၀၅ | ၁.၁၅ | ၉.၃၅ | ၁၉၅.၅၀ | ၂.၅၀ | ၂၃.၁၀.၂၀၁၀ | ။ |
| ၁၃ | တောင်ညို | နတ္တလင်း/နတ္တလင်း | ၂၅၅.၀၀ | ၂၇၀.၀၀ | ၂၅၇.၀၀ | ၂၅၆.၉၅ | -၀.၀၅ | ၁.၉၅ | ၁၃.၀၅ | ၂၅၈.၇၅ | ၃.၇၅ | ၂၂.၈.၂၀၀၆ | ။ |
| ၁၄ | ဘော်ဘင်(၂) | သာယာဝတီ/ဇီးကုန်း | ၂၆၅.၀၀ | ၂၈၀.၀၀ | ၂၆၅.၆၀ | ၂၆၅.၄၀ | -၀.၂၀ | ၀.၄၀ | ၁၄.၆၀ | ၂၆၈.၁၀ | ၃.၁၀ | ၄.၉.၂၀၁၄ | ။ |
| ၁၅ | သဲကော | သာယာဝတီ/လက်ပံတန်း | ၁၅၀.၀၀ | ၁၆၀.၀၀ | ၁၅၁.၄၀ | ၁၅၁.၃၀ | -၀.၁၀ | ၁.၃၀ | ၈.၇၀ | ၁၅၃.၁၅ | ၃.၁၅ | ၁၁.၉.၂၀၁၉ | ။ |
| ၁၆ | သုံးဆယ် | သာယာဝတီ/သာယာဝတီ | ၂၃၄.၀၀ | ၂၄၆.၀၀ | ၂၃၅.၉၀ | ၂၃၅.၇၅ | -၀.၁၅ | ၁.၇၅ | ၁၀.၂၅ | ၂၃၆.၀၀ | ၂.၀၀ | ၃၀.၉.၂၀၂၃ | ။ |
| | မကွေးတိုင်းဒေသကြီး | | | | | | | | | | | | |
| ၁၇ | နတ်မောက် | မကွေး/နတ်မောက် | ၆၈၃.၀၀ | ၇၀၆.၅၀ | ၆၈၄.၀၀ | ၆၈၃.၇၀ | -၀.၃၀ | ၀.၇၀ | ၂၂.၈၀ | ၆၈၉.၅၀ | ၆.၅၀ | ၅.၁၀.၂၀၁၁ | စိုးရိမ်ရန်မရှိပါ။ |
| ၁၈ | မြစ်သာ | ဂန့်ဂေါ/ဂန့်ဂေါ | ၁၀၁၀.၀၀ | ၁၀၃၀.၀၀ | ၁၀၁၁.၇၀ | ၁၀၁၁.၆၀ | -၀.၁၀ | ၁.၆၀ | ၁၈.၄၀ | ၁၀၁၇.၇၀ | ၇.၇၀ | ၁၈.၁၀.၂၀၁၂ | ။ |
| ၁၉ | စလင်း | မင်းဘူး/စလင်း | ၇၆၀.၀၀ | ၇၈၀.၀၀ | ၇၆၁.၄၀ | ၇၆၁.၁၀ | -၀.၃၀ | ၁.၁၀ | ၁၈.၉၀ | ၇၇၃.၆၀ | ၁၃.၆၀ | ၂၀.၁၀.၂၀၁၁ | ။ |
| ၂၀ | မုန်းချောင်း | မင်းဘူး/စေတုတ္တရာ | ၅၂၀.၀၀ | ၅၆၀.၀၀ | ၅၂၄.၁၀ | ၅၂၃.၇၀ | -၀.၄၀ | ၃.၇၀ | ၃၆.၃၀ | ၅၅၅.၈၀ | ၃၅.၈၀ | ၃၁.၇.၂၀၁၅ | ။ |
| ၂၁ | မန်းချောင်း | မင်းဘူး/ငဖဲ | ၆၂၅.၀၀ | ၆၄၀.၀၀ | ၆၂၆.၀၀ | ၆၂၅.၉၀ | -၀.၁၀ | ၀.၉၀ | ၁၄.၁၀ | ၆၃၂.၈၀ | ၇.၈၀ | ၉.၈.၁၉၉၉ | ။ |
| ၂၂ | ကြီးအုံကြီးဝ | မင်းဘူး/ပွင့်ဖြူ | ၃၄၀.၀၀ | ၃၈၀.၅၀ | ၃၄၅.၅၀ | ၃၄၅.၀၀ | -၀.၅၀ | ၅.၀၀ | ၃၅.၅၀ | ၃၇၃.၀၀ | ၃၃.၀၀ | ၃၁.၇.၂၀၁၅ | ။ |
| ၂၃ | ဘွက်ကြီး | သရက်/အောင်လံ | ၄၂၀.၀၀ | ၄၃၈.၀၀ | ၄၂၀.၈၀ | ၄၂၀.၇၀ | -၀.၁၀ | ၀.၇၀ | ၁၇.၃၀ | ၄၂၃.၈၀ | ၃.၈၀ | ၂၉.၁၀.၂၀၁၃ | ။ |
| ၂၄ | မဒေး | သရက်/ကံမ | ၄၃၄.၀၀ | ၄၅၁.၀၀ | ၄၃၄.၅၀ | ၄၃၄.၂၀ | -၀.၃၀ | ၀.၂၀ | ၁၆.၈၀ | ၄၄၀.၅၀ | ၆.၅၀ | ၁၂.၁၀.၂၀၁၅ | ။ |
| | မန္တလေးတိုင်းဒေသကြီး | | | | | | | | | | | | |
| ၂၅ | သစ်ဆုံ | ရမည်းသင်း/ရမည်းသင်း | ၈၄၀.၀၀ | ၈၄၇.၅၀ | ၈၄၀.၂၀ | ၈၄၀.၁၀ | -၀.၁၀ | ၀.၁၀ | ၇.၄၀ | ၈၄၁.၀၀ | ၁.၀၀ | ၁၃.၁၀.၂၀၁၇ | စိုးရိမ်ရန်မရှိပါ။ |
| ၂၆ | လဲဖြူ | ရမည်းသင်း/ရမည်းသင်း | ၇၈၈.၀၀ | ၇၉၇.၀၀ | ၇၈၈.၁၀ | ၇၈၈.၁၀ | ၀.၀၀ | ၀.၁၀ | ၈.၉၀ | ၇၉၀.၇၀ | ၂.၇၀ | ၁၉.၉.၂၀၂၂ | တမံထိပ်ရေကျော်ခဲ့သော်လည်း ထိခိုက်မှုမရှိပါ။ |
| ၂၇ | ကျောက်တစ်လုံးရေကူ | မြင်းခြံ/တောင်သာ | ၇၂၂.၀၀ | ၇၃၅.၀၀ | ၇၂၂.၁၀ | ၇၂၂.၁၀ | ၀.၀၀ | ၀.၁၀ | ၁၂.၉၀ | ၇၂၆.၈၀ | ၄.၈၀ | ၁၅.၁၀.၂၀၁၀ | စိုးရိမ်ရန်မရှိပါ။ |
| | နေပြည်တော် | | | | | | | | | | | | |
| ၂၈ | ပေါင်းလောင်း | ဥတ္တရ/ဇေယျာသီရိ | ၆၂၃.၃၉ | ၆၆၆.၀၄ | ၆၂၆.၈၆ | ၆၂၆.၅၄ | -၀.၃၂ | ၃.၁၅ | ၃၉.၅၀ | ၆၃၅.၂၆ | ၁၁.၈၇ | ၁၄.၉.၂၀၂၄ | စိုးရိမ်ရန်မရှိပါ။ |
| ၂၉ | ငလိုက် | ဥတ္တရ/ဥတ္တရသီရိ | ၅၃၅.၀၀ | ၅၅၅.၀၀ | ၅၃၅.၁၀ | ၅၃၅.၀၅ | -၀.၀၅ | ၀.၀၅ | ၁၉.၉၅ | ၅၃၇.၅၅ | ၂.၅၅ | ၁၀.၉.၂၀၀၅ | ။ |
| | မွန်ပြည်နယ် | | | | | | | | | | | | |
| ၃၀ | ဝါးပါး | သထုံ/သထုံ | ၉၆.၀၀ | ၁၀၅.၅၀ | ၉၆.၆၀ | ၉၆.၈၅ | ၀.၂၅ | ၀.၈၅ | ၈.၆၅ | ၁၀၁.၇၅ | ၅.၇၅ | ၁၆.၈.၁၉၉၄ | စိုးရိမ်ရန်မရှိပါ။ |
| ၃၁ | ကဒိုင်း | သထုံ/ဘီးလင်း | ၅၈.၀၀ | ၆၈.၀၀ | ၅၈.၃၀ | ၅၈.၃၅ | ၀.၀၅ | ၀.၃၅ | ၉.၆၅ | ၆၃.၈၀ | ၅.၈၀ | ၁၄.၁၀.၂၀၀၇ | ။ |
| | ရခိုင်ပြည်နယ် | | | | | | | | | | | | |
| ၃၂ | ဟင်းရွက်ချောင်း | မြောက်ဦး/အမ်း | ၉၅.၀၀ | ၁၀၅.၀၀ | ၉၆.၄၀ | ၉၆.၄၀ | ၀.၀၀ | ၁.၄၀ | ၈.၆၀ | ၉၉.၂၀ | ၄.၂၀ | ၁၅.၆.၂၀၁၈ | စိုးရိမ်ရန်မရှိပါ။ |
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | | | | | |
| ၃၃ | မဟူရာ(ငမိုးရိပ်)ရေကူ | လှည်းကူး/လှည်းကူး | ၂၁၆.၀၀ | ၂၂၆.၀၀ | ၂၁၆.၈၅ | ၂၁၆.၆၅ | -၀.၂၀ | ၀.၆၅ | ၉.၃၅ | ၂၂၁.၄၀ | ၅.၄၀ | ၉.၁၀.၂၀၂၃ | စိုးရိမ်ရန်မရှိပါ။ |
| ၃၄ | ငမိုးရိပ် | လှည်းကူး/လှည်းကူး | ၁၀၇.၀၀ | ၁၂၀.၀၀ | ၁၀၈.၉၅ | ၁၀၈.၇၅ | -၀.၂၀ | ၁.၇၅ | ၁၁.၂၅ | ၁၁၃.၁၅ | ၆.၁၅ | ၉.၁၀.၂၀၂၃ | ။ |
| ၃၅ | တဘူးလှ | တိုက်ကြီး/တိုက်ကြီး | ၁၉၅.၀၀ | ၂၀၅.၀၀ | ၁၉၆.၁၅ | ၁၉၅.၇၀ | -၀.၄၅ | ၀.၇၀ | ၉.၃၀ | ၁၉၇.၇၀ | ၂.၇၀ | ၉.၁၀.၂၀၂၃ | ။ |
| | ရှမ်းပြည်နယ်(တောင်ပိုင်း) | | | | | | | | | | | | |
| ၃၆ | ဇော်ဂျီ | တောင်ကြီး/ရပ်စောက် | ၂၁၂၅.၀၀ | ၂၁၄၀.၀၀ | ၂၁၂၇.၄၀ | ၂၁၂၇.၂၀ | -၀.၂၀ | ၂.၂၀ | ၁၂.၈၀ | ၂၁၂၉.၈၀ | ၄.၈၀ | ၁၂.၁၀.၂၀၀၆ | စိုးရိမ်ရန်မရှိပါ။ |
| ၃၇ | မြို့ကြီး | တောင်ကြီး/ရွာငံ | ၆၈၉.၀၀ | ၇၁၄.၀၀ | ၆၉၁.၉၀ | ၆၉၁.၇၀ | -၀.၂၀ | ၂.၇၀ | ၂၂.၃၀ | ၆၉၇.၁၀ | ၈.၁၀ | ၁၀.၉.၂၀၂၄ | ။ |
| | ရှမ်းပြည်နယ်(မြောက်ပိုင်း) | | | | | | | | | | | | |
| ၃၈ | မုံးရင် | ကျောက်မဲ/နမ္မတူ | ၁၉၇၅.၀၀ | ၁၉၈၉.၀၀ | ၁၉၇၅.၅၀ | ၁၉၇၅.၅၀ | ၀.၀၀ | ၀.၅၀ | ၁၃.၅၀ | ၁၉၇၉.၆၀ | ၄.၆၀ | ၁၃.၁၀.၂၀၂၃ | စိုးရိမ်ရန်မရှိပါ။ |
| ၃၉ | ကွန်ချောင်း | ဟသီခတ/ကြံခင်း | ၂၇၇.၀၀ | ၂၈၇.၀၀ | ၂၇၇.၇၀ | ၂၇၇.၆၀ | -၀.၁၀ | ၀.၆၀ | ၉.၄၀ | ၂၈၁.၂၀ | ၄.၂၀ | ၂၁.၈.၂၀၁၃ | စိုးရိမ်ရန်မရှိပါ။ |
| ၄၀ | မမြ | ဟသီခတ/မြန်အောင် | ၃၁၅.၀၀ | ၃၃၀.၀၀ | ၃၁၆.၂၀ | ၃၁၅.၉၀ | -၀.၃၀ | ၀.၉၀ | ၁၄.၁၀ | ၃၂၀.၅၀ | ၅.၅၀ | ၁၅.၆.၂၀၁၈ | ။ |
| ၄၁ | နန်ကသူ | ဟသီခတ/အင်ပူ | ၂၆၀.၀၀ | ၂၇၅.၀၀ | ၂၆၀.၉၀ | ၂၆၀.၆၀ | -၀.၃၀ | ၀.၆၀ | ၁၄.၄၀ | ၂၇၀.၁၀ | ၁၀.၁၀ | ၉.၇.၂၀၀၆ | ။ |
| ၄၂ | ကညင် | ဟသီခတ/အင်ပူ | ၂၈၈.၀၀ | ၃၀၈.၀၀ | ၂၈၉.၇၀ | ၂၈၉.၆၀ | -၀.၁၀ | ၁.၆၀ | ၁၈.၄၀ | ၂၉၈.၉၀ | ၁၀.၉၀ | ၁၁.၆.၂၀၁၈ | ။ |
| | ရှမ်းပြည်နယ်(တောင်ပိုင်း) | | | | | | | | | | | | |
| ၁ | အင်းလေးကန် | တောင်ကြီး/ညောင်ရွှေ | ၂၉၀၅.၀၀ | ၂၉၀၅.၀၀ | ၂၉၀၆.၄၀ | ၂၉၀၆.၈၀ | ၀.၄၀ | ၁.၈၀ | -၁.၈၀ | - | - | - | စိုးရိမ်ရန်မရှိပါ။ |

ရေကျော်ရေလှောင်တမံ (၄၂) ခုနှင့် ကန် (၁) ခု၊ စုစုပေါင်း (၄၃) ခု ဖြစ်ပါသည်။
ယခင်နေ့နံနက် (၀၆:၀၀) နာရီ၏ ရေကျော်ရေလှောင်တမံ (၄၄) ခုထက် ဝန်ချောင်း (ကဇွန်းမ)နှင့် ကျောက်တစ်လုံးရေလှောင်တမံ (၂) ခု လျော့နည်းခြင်းဖြစ်ပါသည်။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၄ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၆ လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာ ပါရှိလာသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၈၇၂၆၅၄၅)ကိုလည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၄၇ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ငါးမျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၀၇၅၁၀၂၂)ကိုလည်းကောင်း၊ စက်တင်ဘာ ၃၀ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်သွင်းကုန်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ယာဉ်အပိုပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၇၂၆၈)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၃၀၈၄၄၈၃၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စက်တင်ဘာ ၃၀ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့ ကျွဲကူးကျေးရွာ၌ လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၁၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ တာချီလိတ်မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး၊ လူသုံးကုန် ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၅၆၅၆၈၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၅၆၅၆၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက



စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးခရိုင်နှင့် သရက်ခရိုင်တို့ အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၁၀ စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၅ ဒသမ ၀၉၈တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၃၃၅၅)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၂၄ ရက်နှင့် ၃၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄၄ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၈၉၅၃၈၇၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုင်းကိုင်မြို့ မိုင်းကိုင်-နမ့်လန်သွားလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတား ရေတိုက်စားမှုကြောင့် ပြိုကျပျက်စီး

**နေပြည်တော် အောက်တိုဘာ ၁**



ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့၌ ယနေ့နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နန်းလုံချောင်းရေ မြင့်တက်လာပြီး မိုင်းကိုင်-နမ့်လန် သွားလမ်းပေါ်ရှိ တံတားအမှတ်(၃/၉၁)၊ အလျား ပေ ၃၆၀ ၊ အကျယ် ပေ ၃၀၊ ခံနိုင်ဝန် ၆၀ တန်ရှိဆားတောသံကူကွန်ကရစ်တံတားသည် မွန်းလွဲ ၂ နာရီခန့်တွင် တံတား၏ မြောက်ဘက်ခြမ်းရှိ ချဉ်းကပ်လမ်း အကျယ် ပေ ၃၀၊ အလျား ပေ ၃၀ ရေတိုက်စား၍ ပြိုကျပျက်စီးခဲ့ပြီး ယာဉ်ကြီး/ယာဉ်ငယ်များ ဖြတ်သန်းသွားလာမှု ရပ်တန့်ခဲ့ရကြောင်း သိရသည်။

အဆိုပါရေတိုက်စားမှုကြောင့် ချဉ်းကပ်လမ်း ပျက်စီးခဲ့သည့် သံကူ ကွန်ကရစ်တံတားကို မိုင်းကိုင်မြို့နယ် လမ်း/တံတား ဦးစီးဌာနမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက အများပြည်သူများ ဖြတ်သန်းသွားလာနိုင်ရေးအတွက် အမြန်ဆုံးပြုပြင် ဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကောလင်းမြို့နယ် ဥက္ကံကျေးရွာကို လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှု ပြည်သူ ခုနစ်ဦးသေဆုံးကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

**နေပြည်တော် အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ဥက္ကံကျေးရွာအရှေ့ အိုင်ကြီးလမ်းခွဲနေရာကို လေကြောင်းဖြင့် ဗုံးကြဲချတိုက်ခိုက်ခဲ့ရာ ပြည်သူအချို့ သေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများဖြင့် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူတစ်ဦးနှင့် လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ အဆိုပါသတင်းမှာ သတင်းမှားသာဖြစ်ပြီး မှန်ကန်မှုမရှိကြောင်း၊ အကြမ်းဖက်သမားများ၏ လူမဆန်သည့် လုပ်ရပ်များကြောင့် အားပေးထောက်ခံမှု မရှိတော့သည့် ကျေးရွာများကို အကြမ်းဖက်သမားများက အကြောက်တရားများ လွှမ်းမိုးလာစေရန် လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အရပ်သားပြည်သူအချို့ ထိခိုက်သေဆုံးခဲ့ရပြီး နေအိမ်များ မီးလောင်ပျက်စီးခဲ့ရကြောင်း၊ ထိုသို့လုပ်ဆောင်နေသည့် အကြမ်းဖက်သမားများအား တပ်မတော်က ထိရောက်စွာ တိုက်ခိုက်ချေမှုန်းလျက်ရှိကြောင်းနှင့် အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက တပ်မတော်နှင့် ပြည်သူအကြား သပ်လျှိုသွေးခွဲရန်နှင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ပေးရန်အတွက် ယခုကဲ့သို့ မဟုတ်မမှန်သည့် သတင်းမှားများဖြင့် လှုံ့ဆော်ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Zaw Min Oo 4383” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရွှေကျင်ကျေးရွာနေ ဝင်းဇော်ထွန်းအား ည ၈နာရီ ၂၅မိနစ်တွင် အောင်မြေသာစံမြို့နယ် အမှတ်(၂)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးတိမ်တောင်ဖြစ်ပေါ်မှု မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၁**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

သန်လျင်မြို့ ရွှေဟောင်းသမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်ရှိ ကြေးသွန်းမဟာမြတ်မုနိတန်ဆောင်းတော်ကြီး အသစ် ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းအတွက် ကဏ္ဍအလိုက် ပါဝင်ကုသိုလ်ပြုလှူဒါန်းနိုင်ပါသည်။



| စဉ် | ပါဝင်လှူဒါန်းနိုင်မည့်အမျိုးအမည် | [illegible] | နှုန်းထား | လိုအပ်အရေအတွက် | ကုန်ကျငွေ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | အောက်ကွန်ကရစ်ကြမ်းခင်းလုပ်ငန်း | (အလျား 10'×အနံ10'×ထု6") ၁ ကျွင်း | ၇၀၀,၀၀၀ | ၂၅ ကျွင်း | ၁၇,၅၀၀,၀၀၀ | [illegible] |
| ၂ | အောက်ကြမ်းခင်းကြွေပြားခင်းလုပ်ငန်း | (10'×10') ၁ ကျွင်း | ၄၀၀,၀၀၀ | ၁၇ ကျွင်း | ၆,၈၀၀,၀၀၀ | |
| ၃ | နံရံကြွေပြားကပ်လုပ်ငန်း | (10'×10') ၁ ကျွင်း | ၄၀၀,၀၀၀ | ၇ ကျွင်း | ၂,၈၀၀,၀၀၀ | |
| ၄ | ရှေ့မျက်နှာစာနံရံကြွေပြားကပ်လုပ်ငန်း | (10'×10') ၁ ကျွင်း | ၄၅၀,၀၀၀ | ၇ ကျွင်း | ၃,၁၅၀,၀၀၀ | |
| ၅ | Foundation အုတ်စီလုပ်ငန်း | (10'×10') ၁ ကျွင်း | ၆၅၀,၀၀၀ | ၆ ကျွင်း | ၃,၉၀၀,၀၀၀ | |
| ၆ | နံရံ 4½" အုတ်စီရေနှောလုပ်ငန်း | (10'×10') ၁ ကျွင်း | ၅၅၀,၀၀၀ | ၃၀ ကျွင်း | ၁၆,၅၀၀,၀၀၀ | |
| ၇ | ပြတင်း Louver Shutter (2) ခေါက် | (အလျား 12'×အမြင့်11') | ၂,၀၀၀,၀၀၀ | ၂ ခေါက် | ၄,၀၀၀,၀၀၀ | |
| ၈ | ရှေ့/နောက်မှန်ခရိန် U.P.V.C ပြတင်းခေါက်များတပ်ဆင်ပေးခြင်းလုပ်ငန်း | (အလျား 8'×အမြင့်18') | ၂,၂၅၀,၀၀၀ | ၄ ခေါက် | ၉,၀၀၀,၀၀၀ | |
| ၉ | နံရံများရေစေးဆေးအတွင်း အပြင်သုတ်ပေးခြင်းလုပ်ငန်း | (10'×10') ၁ ကျွင်း | ၉၀,၀၀၀ | ၆၀ ကျွင်းခန့် | ၅,၄၀၀,၀၀၀ | Premier/JoTun |
| ၁၀ | မျက်နှာကျက်လုပ်ငန်းများ (P.V.C Board) | (10'×10') ၁ ကျွင်း | ၇၀၀,၀၀၀ | ၂၅ ကျွင်း | ၁၇,၅၀၀,၀၀၀ | |
| ၁၁ | ကြေးသွန်းမဟာမြတ်မုနိတန်ဆောင်းတော်ကြီးမြန်မာမှုအင်္ဂတေ... လုပ်ငန်း | (အလျား 22'×အမြင့်10') | ၂၀,၀၀၀ | ၂၂၀ စတုရန်းပေ | ၄,၄၀၀,၀၀၀ | |
| ၁၂ | ရှေ့/နောက်သံပန်းတံခါးများ | (အလျား 8'×အမြင့်18') ၁ ချပ် | ၂,၀၀၀,၀၀၀ | ၄ ချပ် | ၈,၀၀၀,၀၀၀ | |
| ၁၃ | မျက်နှာကျက်နှင့်ရှပ်ပွားတော်မြတ်ကြီးအားမီးတပ်ဆင်သွယ်တန်းမှုများ | 1 Lot | ၁၀,၀၀၀,၀၀၀ | 1 Lot | ၁၀,၀၀၀,၀၀၀ | |
| ၁၄ | တန်ဆောင်းတော်ကြီးအမိုးရှိန်များတွင်တပ်ဆင်မည့်ပန်းတောင်ပန်းဆွဲတပ်ဆင်မှုလုပ်ငန်းများ | 1-Lot ([illegible]) | ၁၀,၀၀၀,၀၀၀ | 1 Lot | ၁၀,၀၀၀,၀၀၀ | |
| ၁၅ | စတီးသာကူတံခါး | (အလျား 10'×အမြင့်10') ၁ ချပ် | ၃,၅၀၀,၀၀၀ | ၃ ချပ် | ၁၀,၅၀၀,၀၀၀ | |
| ၁၆ | သံဘာကူတံခါး | (အလျား 10'×အမြင့်10') ၁ ချပ် | ၁,၈၀၀,၀၀၀ | ၁ ချပ် | ၁,၈၀၀,၀၀၀ | |

အထက်ပါလှူဒါန်းနိုင်မည့်ကဏ္ဍအသီးသီးအတွက် တစ်ဦးချင်းဖြစ်စေ/အဖွဲ့အစည်းလိုက်ဖြစ်စေ ပါဝင်ကုသိုလ်ပြုလှူဒါန်းနိုင်ပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဆက်သွယ်လှူဒါန်းလိုပါက

- ဂေါပကအဖွဲ့ရုံး ၀၉ ၇၉၉၄၅၈၀၀၉
- ဒေါ်သန်းရွှေအထည်ဆိုင် (မြို့မဈေး) ၀၉ ၉၆၅၀၀၇၉၄၄. ၀၉ ၂၅၆၁၀၇၇၄၄
- ဦးဌေးဝင်း "နီလာမင်းရွှေဆိုင်" (မြို့မဈေး) ၀၉ ၅၀၁၅၀၂၁. ၀၉ ၅၀၅၉၅၃၆

ကြေးသွန်းမဟာမြတ်မုနိတန်ဆောင်းတော်ကြီးတည်ဆောက်ရေးအဖွဲ့


## အများပြည်သူသို့ အသိပေးကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)အရ **"မော်တော်ဆိုင်ကယ်ကို စီးနင်းမောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့/ည အချိန်တိုင်းတွင် ဖွင့်၍မောင်းနှင်ကြပါရန်"** အသိပေးအပ်ပါသည်။

**နေပြည်တော်ယာဉ် စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ဟုမ္မလင်းမြို့၌ ချင်းတွင်းမြစ်အတွင်းသို့ နှစ်လက်မအရွယ် ငါးမျိုးများ စိုက်ထည့်ပေး



ဟုမ္မလင်း အောက်တိုဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဟုမ္မလင်းလေတပ်စခန်း ဌာနချုပ်မှူး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ဟုမ္မလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီခွဲက ဟုမ္မလင်းမြို့ ချင်းတွင်းမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ ဟုမ္မလင်းလေတပ်စခန်းဌာနချုပ်မှူးနှင့် ဇနီး၊ စစ်ကိုင်းတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီး၊ လူမှုရေးဝန်ကြီးနှင့် ဇနီး၊ တိုင်းဒေသကြီး ဇနီး၊ အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဇနီး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ အကြီးအကဲများက ချင်းတွင်းမြစ်အတွင်းသို့ ဟုမ္မလင်း ငါးသားဖောက်စခန်းမှ ထုတ်လုပ်သော နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၅၀၀၀၀ နှင့် ထိုင်းငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၅၀၀၀၀ စုစုပေါင်းကောင်ရေ ၁၀၀၀၀၀ ကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)** **သတင်းစဉ်**

### ၁ - ၁၀ - ၂၀၂၄ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၇၀၀ | ၃၀၁ | ၂၆၄၇၃၀၀ |
| MTSH | ၃၄၅၀ | ၃၄၅၀ | ၁၄၂၃ | ၄၉၀၉၃၅၀ |
| MCB | ၉၀၀၀ | ၉၀၀၀ | ၁၆ | ၁၄၄၀၀၀ |
| FPB | ၁၉၅၀ | ၁၉၅၀ | ၅၉ | ၁၁၅၀၅၀ |
| TMH | ၂၉၅၀ | ၂၉၅၀ | ၁၀၀ | ၂၉၅၀၀၀ |
| EFR | ၁၇၀၀ | ၁၇၅၀ | ၁၂၁ | ၁၃၉၈၈၅၀ |
| AMATA | ၄၅၀၀ | ၄၅၀၀ | ၅၅၀ | ၂၄၇၅၀၀၀ |
| MAEX | ၃၄၅၀ | ၃၄၅၀ | ၄၆၂ | ၁၅၉၃၉၀၀ |
| MADPL (PLB) | ၃၆၅၀၀ | ၃၆၅၀၀ | ၀ | ၀ |


## မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ဝင်းကျော်၊ ကြည်ဝင်း၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

**(၆၇) ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီပေါက်စဉ် ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့**

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။ *အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

က - ၆၇၁၈၄၀

ကံထူးရှင်(၁)ဦး

## အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု

စ - ၁၀၈၃၅၇

ကံထူးရှင်(၁)ဦး

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု

ဂ - ၃၅၅၅၂၃

ကံထူးရှင်(၁)ဦး

## ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

ဇ - ၅၆၂၈၆၉ ဂ - ၈၁၄၄၉၆
ခ - ၇၆၅၄၆၆ ဇ - ၉၆၅၂၀၈

ကံထူးရှင်(၄)ဦး

## ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

ဇ - ၂၈၉၀၄၃ ဂ - ၇၆၇၅၇၆
င - ၆၁၉၅၅၃ င - ၈၄၃၈၉၈
ဇ - ၆၆၅၃၅၂ င - ၉၄၁၂၈၁

ကံထူးရှင်(၆)ဦး

## ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

ဆ - ၁၆၄၆၁၆ ဂ - ၄၂၆၂၆၆ ခ - ၆၄၅၃၅၀
ဈ - ၁၇၂၀၀၃ စ - ၄၉၀၂၁၄ ဆ - ၈၃၄၃၂၁
ဃ - ၂၅၅၇၉၅ ဂ - ၅၁၃၄၆၇ ဆ - ၉၂၉၈၄၂
ဆ - ၂၉၃၀၀၅

ကံထူးရှင်(၁၀)ဦး

## ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

ဈ - ၁၆၇၀၁၈ င - ၅၇၄၀၂၂
ဂ - ၂၀၆၆၂၅ ခ - ၆၆၁၄၉၇
ခ - ၂၀၉၆၂၇ ဂ - ၆၈၅၁၂၄
ခ - ၂၇၁၅၅၃ ဆ - ၇၁၇၉၃၆
င - ၃၆၅၅၆၁ ဇ - ၉၀၀၅၂၉
ခ - ၄၆၇၃၂၅ ဂ - ၉၃၇၀၉၀
ဃ - ၄၉၇၆၈၉

ကံထူးရှင်(၁၃)ဦး

## ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

င - ၁၁၆၄၇၃ င - ၃၄၄၁၆၀ က - ၅၈၃၆၈၈
က - ၁၁၉၂၂၄ ဇ - ၃၆၇၀၆၉ ခ - ၆၄၉၄၀၂
ဂ - ၁၃၈၁၂၆ ဂ - ၃၉၈၀၇၆ ဇ - ၇၆၄၁၀၃
က - ၁၄၉၄၄၉ ဈ - ၄၃၀၆၄၂ ခ - ၇၆၉၅၀၃
ဃ - ၁၈၆၄၅၃ ဂ - ၅၄၄၀၇၀ ဇ - ၈၆၆၁၀၁
ဂ - ၂၂၀၄၆၉ ဃ - ၅၅၃၉၃၅ ဂ - ၉၇၅၈၈၅

ကံထူးရှင်(၁၈)ဦး

## ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

စ - ၁၃၆၉၁၆ စ - ၆၁၆၅၈၆
ဆ - ၂၁၂၆၄၃ က - ၆၂၉၄၁၀
ခ - ၂၂၇၂၉၁ င - ၇၁၉၀၃၆
က - ၂၇၁၀၁၄ စ - ၇၄၈၄၈၀
ဃ - ၃၉၈၈၈၂ င - ၇၆၃၂၂၃
က - ၅၀၃၃၀၃ က - ၈၈၈၄၆၂
င - ၅၃၇၂၉၆ က - ၉၆၉၅၀၀

ကံထူးရှင်(၁၄)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၃)ယူနစ်

က - ၁၄၉၈၁
ခ - ၂၅၀၃၉
စ - ၇၁၂၃၇

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၃၀)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၃)ယူနစ်

ဃ - ၄၄၅၁
င - ၅၃၃၄
ဈ - ၉၀၅၉

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၀၂)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၉)ယူနစ်

ဈ - ၁၂၄ ဂ - ၅၀၈ ဃ - ၆၁၉
င - ၂၈၂ စ - ၅၁၁ ဃ - ၈၀၄
စ - ၃၄၈ ဈ - ၅၄၉ ဇ - ၈၃၇

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၆၆၂၅)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၃)ယူနစ်

ဇ - ၈၅ ဃ - ၉၃ ခ - ၉၆

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၂၂၅၇၅)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု(၁)ယူနစ်

က - ၂

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၇၄၉၇၅)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

င - ၁၁၉၇၉၀ ဆ - ၆၄၀၄၁၄
ခ - ၂၇၂၂၁၄ င - ၉၈၄၈၄၂

ကံထူးရှင်(၄)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနစ်

ခ - ၂၀၂၂၀ ဇ - ၂၂၆၄၆

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနစ်

စ - ၁၀၇၀ ဂ - ၁၁၁၂

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၁၂၃)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်

ဇ - ၆၂၆ ဃ - ၇၅၁

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၁၅၅၀)ဦး

၁။ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ လ (၁)ရက်နေ့တွင် ကျင်းပသည့် (၆၇)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ( ၁၀၆၁၇၂ )ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင်( ၁၀၆၁၇၂ )ဦး ဖြစ်ပါသည်။

၂။ မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးခဲ့ပါသည်။

၃။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၆၈)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဈ) အက္ခရာထိ အက္ခရာ (၉)လုံးဖြစ်ပြီး ၎င်းအနက်မှ ၇၅% ဖြစ်သော ထီလက်မှတ်အုပ်ရေ (၅၅၂၂၇၆)အုပ်ဖြစ်ပါသည်။

၄။ (၆၇)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို(၂ - ၁၀ - ၂၀၂၄)ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို(၁၁- ၁၀ - ၂၀၂၄)ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာ ဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လ အတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

## ညောင်လေးပင်ခရိုင်၊ သစ်တောဦးစီးဌာန၊ ကျောက်တံခါးမြို့နယ် ပုံစံ (၈)ဝင် ကျွန်းသစ်(ဖုံတို)နှင့် မီးသွေးများအား လေလံတင်ရောင်းချမည့်ကြော်ငြာ

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ သစ်တောဦးစီးဌာန၊ ကျောက်တံခါး မြို့နယ်ရှိ ပုံစံ (၈)ဝင် ကျွန်းသစ် (ဖုံတို) (၄၁)လုံး (ဝ.၆၈၉၄)တန်နှင့် ပုံစံ (၈) ဝင်ပေါင် (၃၀၊ ၄၅) ပေါင်ဝင် မီးသွေး (၁၈၂၀)အိတ် (၂၇၃.၅၉၉၉)တန်တို့ကို အောက်ဖော်ပြပါအတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်-

လေလံလျှောက်လွှာအား ၁၁-၁၀-၂၀၂၄ရက် နောက်ဆုံးထား ၍ ပဲခူးခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် လျှောက်ထားနိုင်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၁၅-၁၀-၂၀၂၄ရက် (အင်္ဂါနေ့)

**ကျင်းပမည့်နေရာ** - ညောင်လေးပင်ခရိုင်၊ သစ်တောဦးစီးဌာန၊ ညောင်လေးပင်မြို့နယ်၊ သစ်တောဦးစီးဌာနမှူးရုံး

**ကျင်းပမည့်အချိန်** - နံနက် ၁၀နာရီ

အသေးစိတ်သိလိုပါက သစ်တောဦးစီးဌာန၊ ညောင်လေးပင်မြို့နယ်၊ သစ်တောဦးစီးဌာနမှူးရုံး၊ ဖုန်း-၀၉-၂၆၉၅၆၂၃၂၄သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## အမည်မှန်

ဦးခွန်ဟန်းဆီး(ခ)ခွန်ဆီ၏ သမီး တောင်ကြီးမြို့၊ အထက (၄) Grade-12 မှ မနန်းငဲဂျူ၏ အမည်မှန်မှာ နန်းငဲချူ(၁၃/ဆဆန(နိုင်)၁၆၁၈၆၉) ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ ညောင်ဇင်ရွာနေ ဦးမျိုးထိုက်၏သား အထက(၁)ထားဝယ် Grade-6(B)မှ မောင်ကိုကိုခန့်ချော အား မောင်တိုးဒီဦး ၆/သရခ(နိုင်)၁၄၅၃၁၃ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်တိုးဒီဦး**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက (၃)၊ Grade-12 မှ နန်းချော်လေး၏ ဖခင်အမည်မှန်မှာ ခွန်စိုးအောင် (၁၃/ဆဆန(နိုင်)၀၃၂၆၉၈) ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကန်ကြီးထောင့်မြို့၊ မြို့ကွက်ကျေးရွာနေ (ဘ)ဦးနေဝင်း၏ သမီး မဇင်မာဖြိုး ၁၄/ကကထ(နိုင်)၁၇၉၇၇၀၏ ပတ်စ်ပို့နံပါတ် ME-946857 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၅၀၅၅၆၇၁**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၁က)၊ ဦးပိုင်အမှတ်(၁၇)၊ မြေရေိယာ(၀ဒသမ၁၈၃)ကေရှိ မြေကွက်သည် မူလက ဒေါ်ထုဆမ် အမည်ဖြင့် (၂၈-၁၂-၂၀၅၀)ရက်အထိ နှစ်(၃၀)မြေငှား ဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဒေါ်ထုဆမ်နှင့်ခင်ပွန်း ဦးခင်ဂျောင်တန်ရော်(၂)ဦးတို့သည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်းတို့၏ သား/သမီးများဖြစ်သည့် ဦးအောင်လောတ်၊ ဒေါ်ခေါန်တောင်၊ဦးနော်ထွဲ၊ ဒေါ်ဘောက်ဆိုင်း၊ ဦးမုန်မြစ်လ၊ ဒေါ်ဂျာဘန်(၆)ဦးတို့က တရားဝင်စာချုပ်စာတမ်းမှတ်ပုံတင်ဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး အမွေဆိုင်(၆)ဦးအနက်မှ (၅)ဦးတို့က (၂၆-၈-၂၀၂၄)ရက်စွဲပါစာချုပ်စာတမ်း မှတ်ပုံတင်အမှတ်(၄၀၈/၂၀၂၄)အရ အဆိုပါမြေကွက်အား ဦးနော်ထွဲ ၁/မကန(နိုင်) ၁၆၄၄၄၄ထံသို့ အပြီးအပိုင်စွန့်လွှတ်ပေးခဲ့ပါသည်။ ယခုအခါ ဦးနော်ထွဲ အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်း ဖော်ပြ ချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှ စ၍ ၁၅ရက် ပြည့်မြောက်သည့် ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/4550 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၄၈၉၃, Honda Click-125,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးဟေမာန်ကျော် ၆/မမန(နိုင်)၂၀၆၅၅၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၉၁၃၃၆,Honda Click-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်ဝင်း ၁၄/မအပ(နိုင်)၁၉၇၆၂၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ဇီးတောကျေးရွာအုပ်စု၊ ဇီးတောကြီးကျေးရွာနေ ဦးကျော်ဆန်းဦး၏သမီး ကျွန်မ မစံပယ်ဖူး ၈/ငဖန(နိုင်)၀၄၉၅၇၄၏ နိုင်ငံကူးလက်မှတ် အမှတ်(MH-344984)သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၉၅၅၆၀၃၇**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မြစ်ကြီးနားမြို့နယ်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၉

| | | |
|---|---|---|
| ဦးဆန်ပေါင်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်နီလာကျော်) | နှင့် | ၁။ ဒေါ်ခွန်းဆင့်လွှာ<br>၂။ ဒေါ်မြမြထွေး |
| **(တရားလို)** | | **(တရားပြိုင်များ)** |

မြစ်ကြီးနားမြို့၊ ရှမ်းရွာမြို့သစ်ကြီးရပ်ကွက်၊ အမှတ်-၅၃၊ နယ်မြေ (၃) နေ (၁)တရားပြိုင် ဒေါ်ခွန်းဆင့်လွှာ ၁၂/မရက(နိုင်)၁၄၁၄၃၄ (ယခုနေရပ်လိပ်စာမသိသူ)နှင့် မြစ်ကြီးနားမြို့၊ ကြက်ပေါင်ခြံရပ်ကွက်၊ အမှတ် ၉/၁၅၀နေ (၂) တရားပြိုင် ဒေါ်မြမြထွေး ၁/မကန(နိုင်)၁၀၉၃၉၆တို့ ၂ ဦး သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဆန်ပေါင်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်နီလာကျော်)က မြေကွက်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှုအား လျှောက်ထားစွဲဆိုချက်ရှိ၍ သင်တို့ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၂၃ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၆ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်ကအမည်ရေးသားပါရှိသူများသည် တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၃ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးထွယ်အောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၃)**
**မြစ်ကြီးနားမြို့နယ်တရားရုံး**

## တစ်ဦးတည်းဖြစ်ကြောင်း

၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် မကွေးတက္ကသိုလ်မှ ဥပဒေပညာ အထူးပြုဘာသာဖြင့် ဘွဲ့ရရှိခဲ့သော မသန်းသန်းစိုး (၉/တတဥ(နိုင်) ၁၃၈၉၂၂)၏ဖခင် ဦးဖိုးစိုးနှင့် ဦးအောင်နိုင်ဝင်း (၉/တတဥ(နိုင်)၀၇၉၅၁၄)မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးဖိုးစိုး(ခ)ဦးအောင်နိုင်ဝင်း**

## ဖောင်းကြွပျောက်

ယာဉ်အမှတ် 7N/5358 ၏ ဖောင်းကြွနံပါတ်ပြားနှင့် ဗီးတက် ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ကျိုင်းတုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9K/6455 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းရွှေညွှန့် (ခ) စိုင်ဆု ၁၃/တယန(နိုင်)၀၂၄၆၉၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈၃ယ/၂၄၁၆၈, Sporter 125 ယာဉ်လက်ဝယ်ရှိသူ That Hnin Su Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊တိုင်းရုံး (မကွေး)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၁/ရွှေအင်ကြင်းရပ်၊ မြေကွက်အမှတ်(ဒ-၃၃၂၆၆)၊မြေရေိယာ ၀ဒသမ ၁၄၆ ဧကရှိ ဒုတိယဗိုလ်မှူးကြီး လှနိုင်(ဘ)ဦးသာဆင့် ၁၂/ဗတထ(နိုင်)၀၀၂၈၁၃ အမည်ပေါက်(ပါမစ်)မြေကွက်ကို ဦးခင်ဇော်ဦး(ခ)ဦးခင်ဇော်(ဘ)ဦးရှိန် ၈/မတန(နိုင်)၀၃၈၀၅၂မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
# ပထမနှစ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (B.Agr.Sc)၊ (၄)နှစ်သင်တန်းအတွက် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ လျှောက်ထားသူသည်-

(က) ဝင်ခွင့်လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့် ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

(ခ) ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် STEAMS(1)မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ ဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် အနည်းဆုံး စုစုပေါင်းရမှတ် (၃၄၀)နှင့်အထက်ရရှိသူဖြစ်ရမည်။

(ဃ) ကွင်းလက်တွေ့လုပ်ငန်းများတွင် ကျောင်းသား၊ ကျောင်းသူများ ကိုယ်တိုင်ပါဝင်လေ့ကျင့်လုပ်ဆောင်ကြရမည်ဖြစ်သဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်နိုင်သည့် ကျန်းမာရေး(က) အဆင့်ရှိသူနှင့် စိတ်ပါဝင်စားသူဖြစ်ရမည်။

(င) တက္ကသိုလ်မှ ချမှတ်သော စည်းမျဉ်း ၊ စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။

၃။ အမျိုးသားဦးရေ (၅၀%)နှင့် အမျိုးသမီးဦးရေ (၅၀%) လက်ခံမည်။ စုစုပေါင်း (၃၀၀)ဦး လက်ခံမည်။

၄။ ပထမနှစ်ဝင်ခွင့်လျှောက်လွှာကို မိမိအစီအစဉ်ဖြင့် ( A4-Size)ကွန်ပျူတာရိုက်၍ လျှောက်ထားနိုင်ပါသည်။ www.yau.edu.mm/eventတွင်လည်း ဝင်ခွင့်လျှောက်လွှာပုံစံကို ရယူနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲတင်ပြရမည်။

(က) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်းသက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ထောက်ခံချက် (မိတ္တူ) (ကျောင်းအပ်သည့်အချိန်တွင် မူရင်းတင်ပြရမည်)

(ခ) အမှတ်စာရင်း(မိတ္တူ) (ကျောင်းအပ်နှံချိန်တွင်မူရင်းတင်ပြရမည်)

(ဂ) သက်ဆိုင်ရာကျောင်းသား နှင့် မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)

(ဃ) လိုင်စင်ဓာတ်ပုံ(၃)ပုံ (ကျောင်းအပ်ချိန်တွင်ပေးအပ်ရန်)

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် (မူရင်း) (သို့မဟုတ်) သက်ဆိုင်ရာ ရဲစခန်းထောက်ခံချက်(မူရင်း)တို့ကို (ကျောင်းအပ်ချိန်တွင် ပေးအပ်ရန်)

၆။ လျှောက်လွှာကို အမှတ်စဉ်(၅)ပါ အထောက်အထားများနှင့်အတူ ၂၅-၁၀-၂၀၂၄ရက်၊ (သောကြာနေ့) နောက်ဆုံးထား၍ ကျောင်းသားရေးရာဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်သို့ လိပ်မူ၍ စာတိုက် သေတ္တာအမှတ် ၁၅၀၅၀၁ (သို့မဟုတ်) Email လိပ်စာ student-affairs@yau.edu.mmသို့ Scan ဖတ်၍ ပေးပို့လျှောက်ထားရန် ဖြစ်ပါသည်။ အသေးစိတ် စုံစမ်းမေးမြန်းလိုပါက အထက်ပါ Email လိပ်စာ/ဖုန်း ၀၆၇-၃၄၁၆၅၁၂ နှင့် ၀၉-၈၉၄၄၁၅၇၉၀ တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

၇။ အချက်အလက်များ မှန်ကန်မှုမရှိပါက ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ၊ ရွေးချယ်ခြင်းမခံရပါက ကျောင်းသား၊ ကျောင်းသူများ နစ်နာမှုမရှိစေရန်အတွက် အခြားတက္ကသိုလ်များသို့ အချိန်မီ တက်ရောက်နိုင်ရေးလျှောက်ထားမှု ပြုလုပ်ထားရန် လိုအပ်ပါမည်။

၈။ တက္ကသိုလ်ဝင်ခွင့်ရရှိသူများစာရင်းကို ကျောင်းဖွင့်ချိန်နှင့်အတူ အချိန်မီအသိပေး ကြေညာသွားမည်ဖြစ်ပြီး www.yau.edu.mm/event တွင်လည်း အသိပေးသွားမည်ဖြစ်သည်။

### လျှောက်လွှာနမူနာပုံစံ
### ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
### ပထမနှစ်ဝင်ခွင့်လျှောက်လွှာ
### (၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက်သာ)

**လိုင်စင် ဓာတ်ပုံ ကပ်ရန်**

၁။ အမည်(မြန်မာ)----------------------------(အင်္ဂလိပ်)-------------ကျား/မ-----------------

၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ်--------------------မွေးသက္ကရာဇ်(ရက်၊လ၊ခုနှစ်)------------------

၃။ လူမျိုး------------------နိုင်ငံသား-----------------ကိုးကွယ်သည့်ဘာသာ------------------------

၄။ ရရှိသည့်အမှတ်စုစုပေါင်း (STEAMS-1)--------------------------------------------

၅။ တက္ကသိုလ်ဝင်စာမေးပွဲခုံအမှတ်------------အောင်မြင်သည့်ခုနှစ်--------စာစစ်ဌာန---------------

၆။ အမြဲတမ်းနေရပ်လိပ်စာ(အပြည့်အစုံ)------------------------------------------------------

၇။ ဆက်သွယ်ရန်လိပ်စာ/Email/ဖုန်းနံပါတ်-----------------------------------------------------

၈။ ဖခင်အမည်-----------------------------------နိုင်ငံသားစိစစ်ရေးကတ်အမှတ်------------------

ဆက်သွယ်ရန်လိပ်စာ/ဖုန်းနံပါတ်--------------------------------------------------------------

-----------------------------------------------------------------------------------------

မိခင်အမည်------------------------နိုင်ငံသားစိစစ်ရေးကတ်အမှတ်-----------------------------

ဆက်သွယ်ရန်လိပ်စာ/ဖုန်းနံပါတ်--------------------------------------------------------------

-----------------------------------------------------------------------------------------

၉။ **ဝန်ခံချက်**

အထက်ဖော်ပြပါအချက်များသည် မှန်ကန်ပါကြောင်း တာဝန်ယူ ဝန်ခံချက် လက်မှတ်ရေးထိုးပါသည်။

| မိဘ/အုပ်ထိန်းသူလက်မှတ် | | **ဝင်ခွင့်လျှောက်သူလက်မှတ်** | |
|---|---|---|---|
| **လက်မှတ်** | ---------------------- | **လက်မှတ်** | ---------------------- |
| **အမည်** | ---------------------- | **အမည်** | ---------------------- |
| **ရက်စွဲ** | ---------------------- | **ရက်စွဲ** | ---------------------- |

## ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
ပဲခူးမြို့နယ်တရားရုံးတော်
၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၇

ဒေါ်ခိုင်လင်းဝါ နှင့် ၁။ ဦးစစ်ပိုင်ဦး
၂။ ဦးထက်လင်း
(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ ကရင်စုရွာအပိုင်၊ ပဇင်းနီကျေးရွာနေ (၁)တရားပြိုင် ဦးစစ်ပိုင်ဦး (ယခုနေရပ်လိပ်စာမသိ)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အင်းတိုင်ကျေးရွာ၊ အမှတ်(၄)ရပ်ကွက်နေ (၂)တရားပြိုင် ဦးထက်လင်း(ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက " တရားလိုနှင့် တရားပြိုင်များအကြားတွင် (၆-၈-၂၀၂၃)ရက်တွင် ချုပ်ဆိုခဲ့သော ကတိစာချုပ်ပါအတိုင်း ဆောင်ရွက်ခြင်းမရှိဘဲ ပျက်ကွက်သည့်အတွက် တရားလိုမှ စိုက်ထုတ်ကုန်ကျငွေ (၁၈၁၉၄၂၆၅) ကျပ် (တစ်ရာရှစ်ဆယ့်တစ်သိန်းကိုးသောင်း လေးထောင်နှစ်ရာခြောက်ဆယ့်ငါးကျပ်တိတိ)နှင့် နစ်နာကြေးငွေအဖြစ် (၅၀၀၀၀၀၀) ကျပ် (သိန်းငါးဆယ်ကျပ်တိတိ) စုစုပေါင်း (၂၃၁၉၄၂၆၅)ကျပ် (နှစ်ရာသုံးဆယ့်တစ်သိန်းကိုးသောင်းလေးထောင်နှစ်ရာခြောက်ဆယ့်ငါးကျပ်တိတိ)ရလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၄ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကေသီအောင်)
တွဲဖက်မြို့နယ်တရားသူကြီး(၃)
ပဲခူးမြို့နယ်တရားရုံး

## မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ အထက ဂုံညှင်းတန်းတွင် ပညာသင်ကြားနေသော Grade-12 မှ မအိအိချိုနှင့် Grade-11 မှ မောင်ထက်မြတ်အောင်တို့၏ မိခင်အမည်မှန်မှာ ဒေါ်ချို ၇/ပတန(နိုင်) ၁၁၅၆၃၇ ဖြစ်ပါကြောင်း။ ဒေါ်ချို

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ အထက ဂုံညှင်းတန်း Grade-11 မှ မခိုင်ဇင်ဦးနှင့် အလက(ခွဲ) တုံကင်း Grade-8 မှ မငယ်ငယ်ထွေးတို့၏ ဖခင်အမည်မှန်မှာ ဦးသက်နောင်နောင် ၇/ပတန(နိုင်)၁၇၃၀၀၀ ဖြစ်ပါကြောင်း။ ဦးသက်နောင်နောင်

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပျဉ်းမနားမြို့နယ်၊ SYS-11 ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မချစ်မီးလေး(ခ)မဖူးဖူး၊ Grade-7မှ မချစ်မြတ်နိုးတို့၏ ဖခင်ဦးမြဝင်းလှိုင်နှင့် ဦးလှိုင်မင်းကို ၉/လဝန(နိုင်)၂၁၁၈၁၃သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမြဝင်းလှိုင်(ခ)ဦးလှိုင်မင်းကို

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ် ပညာရေးမှူး ဦးမြင့်ဆွေ၏ ဖခင် ဦးခင်မောင်ရွှေ (ခ) ဦးစံရှိန်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးခင်မောင်ရွှေ(ခ)ဦးစံရှိန်

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ (၀.၁၄၆) ဧက၊ မြေကွက်အမှတ် (ဥ-၆၂၅၃)၊ ဒေါ်ညိုညို (ဘ)ဦးမဲ ၅/ဟမလ(နိုင်)၀၂၅၇၉၀ အမည်ပေါက် ပါမစ်မြေကွက်ကို ဦးညွန့်တင် (ဘ)ဦးသာဆင် ၁၂/အလန(နိုင်)၀၁၄၈၅၆နှင့် ဒေါ်ရွှေမြင့်(ဘ) ဦးမောင်သာချွန် ၁၂/အလန(နိုင်)၀၁၄၈၅၇တို့မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ စမ်းချောင်းရပ်ကွက်၊ အကွက်အမှတ် (၅/စမ်းချောင်း)၊ ဦးပိုင်အမှတ်(၁၅၅/ခ)၊ဧရိယာ(၀.၀၂၀)ဧကရှိဘိုးဘပိုင်မြေကွက်များသည် အောင်လံမြို့နယ်၊ မြေစာရင်းဦးစီးဌာနရှိ စာရင်းမြေပုံများတွင် ဦးဟန်လွင်(ခ)ဟံလွင်အမည်ပေါက်ပြီး ၎င်းအမည်ပေါက်အိမ်မြေကွက်အား (၂၂-၈-၂၀၂၄)ရက်စွဲပါ အရောင်းအဝယ်စာချုပ်အမှတ် (၃၂/၂၀၂၄)အရ ဒေါ်ဝင်းရတနာမှ ၎င်းအမည်သို့ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၃၀)ရက်အတွင်း စာရွက်စာတမ်းမူရင်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

မြို့နယ်ဦးစီးဌာနမှူး
အောင်လံမြို့နယ်မြေစာရင်းဦးစီးဌာန

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ် (၃/ကန်ကြီး)၊ ဦးပိုင်အမှတ် (၁၉၁)၊ ဧရိယာ (၀.၀၆၇)ကေရှိ ဘိုးဘပိုင်မြေကွက်များသည် အောင်လံမြို့နယ်၊ မြေစာရင်းဦးစီးဌာနရှိ စာရင်းမြေပုံများတွင် ကိုအုန်းမြင့် အမည်ပေါက်ပြီး ၎င်းအမည်ပေါက်အိမ်မြေကွက်အား (၁၅-၈-၂၀၂၄)ရက်စွဲပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ်အမှတ် (၃၇/၂၀၂၄)အရ ဒေါ်ခင်ဝင်းမြင့်ပါ (၂) ဦးမှ ၎င်းတို့အမည်သို့ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း စာရွက်စာတမ်းမူရင်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

မြို့နယ်ဦးစီးဌာနမှူး
အောင်လံမြို့နယ်မြေစာရင်းဦးစီးဌာန

## ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ ၂၀)
ပုသိမ်မြို့နယ်တရားရုံးတော်၌
၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၆၀

ဒေါ်ချိုချို နှင့် ဦးထွန်းလင်းဦး
တရားလို တရားပြိုင်

ပုသိမ်မြို့နယ်၊ ကွင်းတန်းလမ်း၊ အမှတ်(၉)ရပ်ကွက်နေ ဦးထွန်းလင်းဦး (ယခုနေရပ်လိပ်စာမသိ)သူအား သိစေရမည်။

သင့်အပေါ်၌ တရားလိုက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုဖြင့် လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊နိုဝင်ဘာလ ၁ရက်(၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ရက်)မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မြဖူးအိမ်)
တွဲဖက်မြို့နယ်တရားသူကြီး(၄)
ပုသိမ်မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ အေးသာယာမြို့၊ အမှတ်(၅)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၃၃/ဘုန်းကြီးကျောင်းအရှေ့ရပ်)၊ မြေကွက်အမှတ် F-116၊ ဦးပိုင်အမှတ် F-116၊ ဧရိယာ ၀.၈၆ဒသမ ဧက အကျယ်ရှိ မြို့မြေကွက်ဂရန်အမှုတွဲအမှတ် ၂၂/၂၀၂၃ ဦးအောင်နိုင် အမည်ပေါက်(၁၀)နှစ်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးအောင်နိုင်ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်နန်းခင်အေးဝင်း (LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၇၉၁)
အမှတ်(၂/၂၅၃)၊ မြတ်ရတနာလမ်း၊ ဘုရားဖြူရပ်ကွက်၊ တောင်ကြီးမြို့
ဖုန်း-၀၉-၇၈၀၈၄၆၆၂၅

## မြေဩဇာရည်ညွှန်းဈေးနှုန်းများသိရှိနိုင်ပါရန် ကြေညာခြင်း

၁။ ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း(MFSPEA)အနေဖြင့် တောင်သူများအဓိကသုံးစွဲလျက်ရှိသော အောက်ပါမြေဩဇာများကို ဖော်ပြပါဈေးနှုန်းများအတိုင်း ရန်ကုန်အထိုင်ဈေးနှုန်းအဖြစ် ၁-၁၀-၂၀၂၄ရက်မှ ၃၁-၁၀-၂၀၂၄ရက်အထိ ရောင်းချရန် အသင်းဝင်းကုမ္ပဏီများသို့ ညွှန်ကြားထားရှိပါသည်-

| | |
|---|---|
| (က) ယူရီးယားမြေဩဇာ(အလုံးကြီး) ၅၀ကီလိုတစ်အိတ် | ၉၇,၀၀၀ ကျပ် |
| (ခ) Rock Phosphate အခြေခံ ၁၅ပတ်လည် ၅၀ကီလိုတစ်အိတ် | ၁၂၄,၀၀၀ ကျပ် |
| (ဂ) Di Ammonium Phosphate အခြေခံ ၁၅ပတ်လည် ၅၀ကီလိုတစ်အိတ် | ၁၃၇,၀၀၀ ကျပ် |

၂။ Complex ၁၅ ပတ်လည်မြေဩဇာကို ရည်ညွှန်းဈေးနှုန်း သတ်မှတ်ခြင်းမရှိပါ။ အထက်ပါဈေးနှုန်းများသည် ရန်ကုန်အထိုင် ဈေးနှုန်းများဖြစ်သဖြင့် ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ်များအပေါ်တွင် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။ ရည်ညွှန်းဈေးများနှင့်အညီ ရောင်းချခြင်းမရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အသိပေးနိုင်ပါကြောင်း အသိပေး အပ်ပါသည်။

(က) ဦးဆောင်ကော်မတီ ဖုန်း-၀၆၇-၄၁၀၀၃၂
(ခ) MFSPEA အသင်း ဖုန်း-၀၉-၈၈၃၃၅၃၃၅၈

မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း

## ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
## ပင်းတယမြို့
## ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ပင်းတယမြို့နယ်၊ မြင်းမူးကျေးရွာအုပ်စု၊ မြင်းမူးကျေးရွာအနောက်တောင်ဘက် (၁/၀) မိုင်ခန့် အကွာရှိ ရေစက်ရုံမှ ကျေးရွာအတွင်းရှိ ဂါလန်(၁၀၀၀၀)ဆံ့ ရေစုကန်ကို ရေပိုက်သွယ်တန်းခြင်းနှင့် လျှပ်စစ်မီးလိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် အောက်ပါအတိုင်း တင်ဒါခေါ်ယူအပ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များ စတင်ရောင်းချမည့်ရက်** - ၂-၁၀-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့)

(ခ) **တင်ဒါနောက်ဆုံးပြန်လည် တင်သွင်းရမည့်ရက်** - ၁၅-၁၀-၂၀၂၄ရက် (အင်္ဂါနေ့) ညနေ ၄:၃၀နာရီ

၂။ အိတ်ဖွင့်တင်ဒါ ဝယ်ယူ/တင်သင်းရမည့်လိပ်စာမှာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၊ ပင်းတယမြို့ဖြစ်ပြီး အသေးစိတ်ချက်အလက်များကို ဖုန်း-၀၈၁-၂၃၆၆၀၀၂သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါဖွင့်လှစ်မည့်ရက်အား သီးခြားထုတ်ပြန် ကြေညာပေးသွားမည်ဖြစ်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

## ဖခင်အမည်မှန်

သရက်မြို့၊ အထက(၁) Grade-11(A) မှ မောင်ထက်အောင်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ခိုင် ၈/သရန(နိုင်)၀၆၀၇၂၃ ဖြစ်ပါကြောင်း။

ဦးမြင့်ခိုင်
၈/သရန(နိုင်)၀၆၀၇၂၃

## ဖခင်အမည်မှန်

သရက်မြို့၊ အထက(၁) Grade-11 (A) မှ မအေးသန္တာကျော်၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုးနိုင် ၈/သရန(နိုင်)၀၇၇၃၂၁ဖြစ်ပါကြောင်း။

ဦးအောင်မျိုးနိုင်
၈/သရန(နိုင်)၀၇၇၃၂၁

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့နယ်၊ ဥသာမြို့သစ်(၄)ရပ်ကွက်၊ မြေတိုင်းအမှတ်(၁၃)၊ မြေကွက်အမှတ်(၁၃၄)၊ မြေဧရိယာ(၀ဒသမ၁၁၀)ကေရှိမြေအား ဦးနေဝင်းမှ မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်အသစ် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့

## ကြော်ငြာစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)
လှိုင်လင်ခရိုင်တရားရုံးတော်
၂၀၂၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁
ကွယ်လွန်သူများ- ဦးလုံးတူနှင့် ဒေါ်နှိုင်းနန်းတို့၏
ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။

ပန်ဝိုးအုပ်စု၊ နောင်ဟူးကျေးရွာ၊ လှိုင်လင်မြို့နယ်၌ နေထိုင်ခဲ့သော ကွယ်လွန်သူများ- ဦးလုံးတူနှင့် ဒေါ်နှိုင်းနန်းတို့၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်း လက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် သားသမီးများဖြစ်သော ဒေါ်နန်းနော် နှင့်ဦးစိုင်းအွန်တို့က အမွေဆက်ခံခြင်း ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၆ရက် (၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူများ ဦးလုံးတူနှင့် ဒေါ်နှိုင်းနန်းတို့၏ ကျန်ရစ်ပစ္စည်းများတွင် အကျိုးစီးပွား သက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုင်ရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၆ရက် (၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်)တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်နန်းနော်နှင့် ဦးစိုင်းအွန်တို့၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင် ချက် ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၂၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လွန်းဘော်)
ခရိုင်တရားသူကြီး
လှိုင်လင်ခရိုင်တရားရုံး

## မွေးသက္ကရာဇ်အမှန်

ရမည်းသင်းမြို့၊ ရင်ဂါတ်ကုန်းကျေးရွာနေ (ဘ)ဦးကုလား၏သမီးဖြစ်သူ မအေးစုကြည် ၉/ရမသ(နိုင်)၁၂၉၈၈၅ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၇-၇-၁၉၉၀ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

ပဲခူးမြို့နယ်၊ အင်းတကော်မြို့၊ အမှတ် (၅)ရပ်ကွက်နေ ဦးရဲဝင်းထွေး-ဒေါ်သွယ်သွယ်ထွေး တို့၏ သမီး၊ အထက (အင်းတကော်) Grade-3 မှ မမိုးပြည့်ကြယ်စင်နှင့် မမိုးကြယ်စင်(ခ)မမိုးပြည့်ကြယ်စင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မမိုးကြယ်စင်(ခ)မမိုးပြည့်ကြယ်စင်

## တစ်ဦးတည်းဖြစ်ကြောင်း

ပဲခူးမြို့နယ်၊ အင်းတကော်မြို့၊ အမှတ် (၅)ရပ်ကွက်နေ ဦးအောင်ရဲဆွေ-ဒေါ်အေးမြတ်ဟေမာန် တို့၏ သမီး အထက (အင်းတကော်) Grade-4 မှ မမြတ်ပိုးအိမ်နှင့် မဖစ်ဖစ်တုံ(ခ)မမြတ်ပိုးအိမ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

ပဲခူးမြို့နယ်၊ အင်းတကော်မြို့၊ အမှတ် (၅)ရပ်ကွက်နေ (ဘ) ဦးကျင်ရွှေ၏သား၊ မောင်ရှိုင်းဝတီမောင်မောင် ၁၂/တကန(နိုင်) ၂၆၁၃၂၆ နှင့် မောင်ရှိုင်းဝတီမောင်မောင်(ခ)မောင်ရန်ရှင်း မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4L/5780 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/91868, Honda Click-125 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းလတ် ၉/မထလ(နိုင်)၁၆၇၃၈၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)

## မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူ အမည် | လျှောက်ထားသည့်မြေ၏ | | | | | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| | | မြို့နယ်/မြို့ | ရပ်/ကျေး | အကွက်အမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | |
| ၁ | ဦးအောင်မျိုးဝင်း | ပုသိမ်မြို့ | အမှတ်(၃)ရပ်ကွက် | ၃၆၊ဈေးချောင်းမြောက် | ၂၁-ည၊ ၂၃/၁-ခ | ၀.၁၆၅ | ဦးပိုင်ခွဲ (အမည်ပြောင်း) |
| ၂ | ဦးအောင်မျိုးဝင်း | ပုသိမ်မြို့ | အမှတ်(၃)ရပ်ကွက် | ၃၆၊ ဈေးချောင်းမြောက် | ၂၁-ဈ | ၀.၀၆၀ | ဦးပိုင်ခွဲ (အမည်ပြောင်း) |
| ၃ | ဦးထိန်လင်း၊ဒေါ်သန္တာနွယ် | ပုသိမ်မြို့ | အမှတ်(၁၃)ရပ်ကွက် | ၅၂၊ ရွှေဝတ်မှုံ | ၁၀/က | ၀.၁၀၃ | ဦးပိုင်ခွဲ (အမည်ပြောင်း) |
| ၄ | ဦးနိုင်လင်း | ပုသိမ်မြို့ | အမှတ်(၃)ရပ်ကွက် | ၄၃၊ တံတားကြီးတန်း | ၃၆-ဃ | ၀.၀၃၃ | အမည်ပြောင်း |
| ၅ | ဒေါ်ဝေလွင်လွင်အောင် | ပုသိမ်မြို့ | အမှတ်(၃)ရပ်ကွက် | ၄၃၊ တံတားကြီးတန်း | ၃၆-ည၊ ၃၇-ည၊ ၃၆-ဓ၊၃၇-ဓ | ၀.၀၄၅ | အမည်ပြောင်း |
| ၆ | ဒေါ်ဝေလွင်လွင်အောင် | ပုသိမ်မြို့ | အမှတ်(၃)ရပ်ကွက် | ၄၃၊ တံတားကြီးတန်း | ၁၅၄ | ၀.၀၅၈ | အမည်ပြောင်း (သက်တမ်းတိုး) |

ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၂၀၇၈)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးလှဦးအမည်ပေါက် ပါမစ်မြေကွက်အား ဦးခင်မောင်လတ် ၉/ပမန(နိုင်)၀၄၅၀၂၂မှ ပျဉ်းမနားမြို့ မြေတိုးချဲ့ရေးကော်မတီ၏ အိမ်ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကတိသစ္စာပြုလွှာ၊ ဝန်ခံကတိပြုချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်၊ ရပ်ကွက်/ ရဲစခန်း ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ ခွဲတကကမျိုးဝင်း(ကိုယ်ပိုင်အမှတ်၅၇၆၀၆၀)၊ ၈/မလန (နိုင်)၀၀၆၀၇၄ (ဘ) ဦးထွန်းကျင် အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၁၂၆၂ အမည်ပေါက်(ကွယ်လွန်)၏တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်စန်းစန်းဦး ၈/မလန (နိုင်)၀၀၅၅၇၉ (ဘ) ဦးလှအောင် မှတရားဝင်အမွေခံဖြစ်ကြောင်းတရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်း ချလန်မိတ္တူ၊ ခွဲတကကမျိုးဝင်း သေဆုံးခြင်း လက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိအဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(UE-1)သခင်ခင်ဇော်(၁)လမ်း၊ မြေကွက်အမှတ်(၃၁၅)၏ မြေဧရိယာပေ(၄၀x၆၀)ထဲမှ မြေကွက်အမှတ်(၃၁၆)နှင့်ကပ်လျက်ဘက်အခြမ်းပေ(၂၀x၆၀) ဦးစိန်လင်းအမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ကိုစိုးလေး ၁၂/ဒဂမ(နိုင်) ၀၅၄၆၉၅ ထံမှ ဒေါ်မိုးသူဇာ ၁၂/ဥကတ(နိုင်)၁၃၆၇၈၆က အပြီးအပိုင်ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်ကိစ္စအား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်ထားများဖြင့် ဤကြော်ငြာပါသည့်ရက် မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ထက်ကျော်လွန်ပါက မြေကွက်+အဆောက်အအုံအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိုးသူဇာ**
**အမှတ်(၅၄)၊ မြသီရိလမ်း၊ (၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မ)**
**ဖုန်း-၀၉-၉၆၃၂၀၁၅၁၉**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ၊ ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 35W/23250 Nulang 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်နိုင်ဝင်း ၁၄/ကကန(နိုင်) ၁၂၃၀၉၈ မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/52945 Yunde 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦး;မင်းကွန့် ၈/ရစက(နိုင်)၀၁၈၆၇၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ပခုက္ကူ)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အမှတ်(၇၀၄)၊ မြေမြင့်ရပ်ကွက်နေ ဦးတင်မောင်ဆွေနှင့် ဒေါ်ခိုင်ဆုသွေးတို့၏သား မောင်တင်ကိုကို ၉/ကဆန(နိုင်) ၁၀၆၂၈၇သည် မိဘများ၏ပြောဆိုဆုံးမမှုကိုနာခံမှုမရှိဘဲ အသက်အရွယ်ကြီးရင့်နေပြီဖြစ်သော မိဘနှစ်ပါးကို စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အမျိုးမျိုးပြုမူ နေထိုင်၊ ပြောဆိုခြင်း၊ အကြိမ်ကြိမ်အဖန်ဖန် စိတ်ဒုက္ခအမျိုးမျိုးပေးနေခြင်းတို့ကြောင့် ယနေ့မှစ၍ သားအဖြစ်မှအပြီးအပိုင်အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်းနှင့် မောင်တင်ကိုကိုနှင့်ပက်သက်သော လူမှုရေး၊ စီးပွားရေးအပါအဝင် မည်သည့်ပြဿနာအရှုပ်အရှင်းကိုမျှ မိဘများက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်မောင်ဆွေနှင့် ဒေါ်ခိုင်ဆုသွေး ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆန်းပိုပိုလှိုင်(ခ)ဒေါ်စန္ဒာလှိုင် LL.B**
**(တရားလွှတ်တော်ရှေ့နေ) စဉ်-၁၂၄၁၆/၂၀၁၇**
**အမှတ်(၅၅၈)၊ အောင်ဆန်းရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၀၀၀၂၁၁၃၅၊ ၀၉-၆၈၇၀၈၆၄၉၈**

## တံတားဦးစီးဌာန
## တံတားအထူးအဖွဲ့(၁)၊ မြစ်ကြီးနားမြို့
## (၃/၂၀၂၄-၂၀၂၅) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ် ကျေးလက်အပ်နှံရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်သည့် မော်ဖောင်းကျေးရွာနှင့် ငအိုးကျေးရွာချင်းဆက်လမ်းပေါ်ရှိ မော်ဖောင်း-ငအိုးတံတားတည်ဆောက်ခြင်း လုပ်ငန်းအတွက် လိုအပ်သောတည်ဆောက်ရေးပစ္စည်းများ ဝယ်ယူရန်နှင့်သယ်ယူရန် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသောကုမ္ပဏီများနှင့် လုပ်ငန်းရှင်များ လာရောက် တင်ဒါပေးသွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

- **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၃-၁၀-၂၀၂၄ရက် (ရုံးချိန်အတွင်း)
- **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၁-၁၀-၂၀၂၄ရက်(ရုံးချိန်အတွင်း)
- **P.O Chequeနောက်ဆုံးပေးသွင်းရမည့်ရက်** - ၂၂-၁၀-၂၀၂၄ရက်(ရုံးချိန်အတွင်း)
- **တင်ဒါအကြိုရှင်းလင်းမည့်ရက် (Pre-bidding)** - ၂၃-၁၀-၂၀၂၄ရက်၊ တံတားအထူးအဖွဲ့ (၁)ရုံး
- **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** - ၂၄-၁၀-၂၀၂၄ရက်(မွန်းလွဲ ၁:၃၀နာရီ)
- **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့ (၁)မြစ်ကြီးနားမြို့ specialbridgeone2018@gmail.com

၂။ တင်ဒါလျှောက်လွှာပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၉-၂၅၆၄၃၉၂၂၇၊ ၀၉-၄၂၄၄၉၁၀၆၆၅၊ ၀၉-၄၀၀၀၂၁၀၁၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**တံတားဦးစီးဌာန၊တံတားအထူးအဖွဲ့(၁)**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၇)၊ ရတနာလမ်းနှင့်ငုဝါလမ်းထောင့်၊ ကွင်းအမှတ်(RA-I)၊ အကွက်အမှတ် (ကွက်ပြင်-၁)၊ ဦးပိုင်အမှတ်( $\frac{၄၁/ခ}{၂}$ )၊မြေဧရိယာပေ(၁၁၄ x ၁၂၄)အကျယ်အဝန်းရှိသောမြေကွက်နှင့် ယင်းမြေကွက်အပါအဝင် ဝင်းခြံအကာအရံနှင့် တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ် (၂၇)လမ်း၊ အမှတ်(၇၀၁)နေ ကျွန်တော် ဦးရီစီရမ်း မှ မြေအား ပိုင်ဆိုင်သူ မိခင် ဒေါ်ရီမာကူမာရီ ကွယ်လွန်ပြီးနောက် ကျွန်တော် ဦးရီစီရမ်းမှ အမွေဆက်ခံပိုင်ဆိုင်လာခဲ့ပါသည်။ ကျွန်တော် ဦးရီစီရမ်းနှင့် ဦးအာမန်ဗဟာဒူး(ခ)ဆန်သာဗဟာဒူးတို့မှ အရောင်းအဝယ်ပြုလုပ်ကြရန် သဘောတူညီပြီးနောက်တွင် ရောင်းကြေးငွေအား သတ်မှတ်ခဲ့ကြပြီးနောက်ပိုင်း ရောင်းကြေးငွေအချို့အား ပေးချေခဲ့သော်လည်း ရောင်းကြေးကျန်ငွေများအား ပေးချေရန် ကျန်ရှိလျက်ရှိပါသည်။ရောင်းကြေးကျန်ငွေအား ၁၀-၇-၂၀၂၄ရက်နောက်ဆုံးထား၍ ပေးချေနိုင်ခြင်းမရှိပါက ပေးချေထားသောစရန်ငွေအား အဆုံးရှုံးခံရမည်ဖြစ်ကြောင်း ဝယ်ယူသူ ဦးအာမန်ဗဟာဒူး (ခ) ဆန်သာဗဟာဒူးနှင့် ရောင်းချသူ ကျွန်တော် ဦးရီစီရမ်းတို့အကြားတွင် အတိအလင်း သဘောတူညီထားပြီးဖြစ်ပါသည်။ ဝယ်ယူသူ ဦးအာမန်ဗဟာဒူး(ခ)ဆန်သာဗဟာဒူးမှာ ရောင်းကြေးငွေများအား အပြေအကျေပေးချေခြင်းမပြုဘဲ အခြားသူများအား ပြန်လည်ရောင်းချထားကြောင်း ကြားသိခဲ့ရသဖြင့်၊ အထက်ပါမြေနှင့်စပ်လျဉ်း၍ ကျွန်တော် ဦးရီစီရမ်းမှ သိရှိသဘောတူခြင်းမရှိဘဲ အခြားတစ်စုံတစ်ဦးမှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ဂရန်အမည်ပြောင်းခြင်း၊ မြွက်ဟကြေညာခြင်းများ၊ မြေကွက်အတွင်းဝင်၍ အဆောက်အအုံဆောက်လုပ်ခြင်းများအား ပြုလုပ်ခွင့်မရှိပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးရီစီရမ်း (အများသိစေရန်ကြော်ငြာသူ)**
**( ဖုန်း-၀၉ - ၇၈၈၀၂၉၉၅၆)**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်မ မခေါန်မိုင်(ခ) ကေသီဦး ၁၃/တယန(နိုင်)၀၂၅၂၈၃၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၈၇၆၈၇၉၈**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်မ မတင်တင်စိုး ၁၃/တယန (နိုင်)၀၂၁၂၂၄ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၀၆၈၅၃၂**

## ပိုင်ဆိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ကြည်စမ်း ၉/စကတ(နိုင်)၀၀၆၁၀၇၏ လွှဲအပ်ညွှန်ကြား ချက်အရပိုင်ဆိုင်ကြောင်း အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပင်ယ(၁၀)လမ်း၊ အမှတ်(၂၂၆)ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ(၂)ခန်းတွဲ (၆)ထပ်တိုက်၏ (၅)လွှာ (A)၊ အလျား (၁၇') x အနံ (၅၄')ရှိ တိုက်ခန်းအပါအဝင်တိုက်ခန်းနှင့် ပတ်သက်သောအခြားအကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်သီရိလွင် ၁၂/ဥကတ(နိုင်) ၁၃၉၈၃၂ကငင်းတစ်ဦးပိုင်ဖြစ်ပြီး၊ ၎င်းမှ တရားဝင်ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ကြည်စမ်း ၉/စကတ(နိုင်)၀၀၆၁၀၇မှ သဘောရိုးဖြင့်ယုံကြည်သောကြောင့် ၂၄-၉-၂၀၂၄ရက်တွင်အဆိုပါတိုက်ခန်းနှင့် အခြားအကျိုးခံစားခွင့်အရပ်ရပ်တို့အား ငွေအပြေအကျေပေးချေ၍ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်စာချုပ်ချုပ်ဆိုကာ ဝယ်ယူ၍ လက်ရောက်ရရှိထားပြီးဖြစ်သဖြင့် အဆိုပါတိုက်ခန်းအပါအဝင်အခြား အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်မိတ်ဆွေတစ်ဦးတည်းကသာတရားဝင်လက်ရှိပိုင်ဆိုင်သည်ဖြစ်၍ ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်မရရှိဘဲ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အာမခံထားခြင်း တို့အပါအဝင်အခြား မည်သည့် လွှဲပြောင်းမှုတို့ကို လုံးဝမပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့မည်ဆိုပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ပြီး ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ကြည်စမ်းတွင်လုံးဝ တာဝန်မရှိပါကြောင်းတို့အား အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လွင်မာဝင်း** — **အထက်တန်းရှေ့နေ(စဉ်-၂၆၂၃၇)**
**ဒေါ်ခင်ခင်ကြီး** — **အထက်တန်းရှေ့နေ(စဉ်-၅၃၈၉၂)**
**အမှတ်-၁၈ (A)မြေညီထပ်၊ သင်္ဂဟလမ်း၊ (ဃ)ရပ်ကွက်၊**
**သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း-၀၉-၅၁၅၃၄၃၂၊ ၀၉-၄၂၅၃၀၅၃၂၉**

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီး
## အမှတ် (၃၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊
## ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါပိတ်ရက် တိုးမြှင့်သတ်မှတ်ခြင်း

၂၇-၈-၂၀၂၄ရက်နှင့် ၂၉-၈-၂၀၂၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာခေါ်ယူထားသော ဆေးနှင့်ဆေးပစ္စည်း ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက်ကို ၃၀-၉-၂၀၂၄ရက် (အစား) ၁၅-၁၀-၂၀၂၄ရက် (အင်္ဂါနေ့) မွန်းလွဲ(၃)နာရီသို့ တိုးမြှင့်သတ်မှတ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဆေးရုံအုပ်ချုပ်ရေးအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေကွက်အမှတ် (ပ-၃၃၄၈၈)ကိုအမည်ပေါက် ဦးလှမြင့်သက်(ဘ) ဦးလှမောင် ၁၂/ကမရ(နိုင်)၀၃၀၉၃၁၏ အထွေထွေကိုယ်စားလှယ်ဖြစ်သူ ဒေါ်သဥ္ဇာသိန်းတင့်(ဘ) ဦးတွတ် ၉/သစန(နိုင်)၁၁၆၂၇၂ မှ ဒေါ်ခင်မကြီး (ဘ) ဦးတင်မြင့် ၉/ညဥန(နိုင်)၁၅၄၂၉၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊ မြေငှားစာချုပ်(မိတ္တူ)၊ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် ၃၆၆၇/၂၀၂၃(၂-၁၀-၂၀၂၃)တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/တောင်၊ မြေကွက်အမှတ်-၂၀၉၉/ခ၊ ဧရိယာ ပေ(၂၀x ၆၀)၊ မြေကွက်တည်နေရာအမှတ်(၂၀၉၉/ခ)၊ ဇေယျာဝတီလမ်း၊ (၁၀)တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးသန်းဝင်း ၁၂/သကတ(နိုင်)၀၉၉၁၃၃ အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေအား ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတွင် တရားမအထွေထွေမှုအမှတ် -၁၅၀/၂၀၁၇ဖြင့် အမွေထိန်းလက်မှတ်စာထုတ်ပေးပါရန် ဒေါ်သန်းသန်းဌေးမှ လျှောက်ထားမှုအပေါ် ဦးသန်းဝင်း၏အမွေကို ထိန်းသိမ်း ရန်အတွက် အမွေထိန်းလက်မှတ်စာထုတ်ပေးကြောင်းအမိန့်ချမှတ်သည့် ၂၆-၉-၂၀၁၈ ရက်စွဲပါ စီရင်ချက်နှင့် ထုံးပုံကျ အပြီးသတ်အမိန့် ၁၀-၇-၂၀၂၀ ရက်စွဲပါ အမွေထိန်းလက်မှတ်စာ၊ ၁၀-၇-၂၀၂၀ရက်စွဲပါ အမွေထိန်းလက်မှတ်စာအတွက် တံဆိပ်ခေါင်းခွန်ပေးဆောင်ထားသည့်ချလန်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ တရားမအထွေထွေမှုအမှတ်-၁၅၀/၂၀၁၇ ဖြင့် အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ-၃၀၇ အရ ဒေါ်သန်းသန်းဌေးမှ အမွေထိန်းလက်မှတ်စာရရှိထားသော ဦးသန်းဝင်းအမည်ပေါက် မြေကွက်နှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်စပ်လျဉ်း၍ ခွင့်ပြုကြောင်း အမိန့်ချမှတ်သည့် ၁၅-၁၂-၂၀၂၀ ရက်စွဲပါ စီရင်ချက်နှင့်ထုံးပုံကျအပြီးသတ်အမိန့်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ တံဆိပ်ခေါင်းခွန်တို့ကိုတင်ပြပြီး စီမံခန့်ခွဲခွင့်ရသူ ဒေါ်သန်းသန်းဌေး ၁၂/သကတ(နိုင်)၀၁၁၈၅၅ မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ စ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး( ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(၄၁၃/၁ကြံခိုင်ရေး)၊ ဦးပိုင်အမှတ် (၇၈)၊ ၃၅.Aလမ်း၊ ၆၈x၆၉လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဦးနိုင်ဇော် ၁၁/ရသတ(နိုင်)၁၁၀၄၉၄၊ ဒေါ်မေညိုစိမ့် ၉/လဝန(နိုင်)၁၆၄၉၆၀ တို့ ကဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်အမှတ်(ဒ-၄၅၄၈)၊ ဧရိယာ ၀ ဒသမ ၀၈၂ဧကရှိ ဦးပေါ်မောင် (ဘ) ဦးအောင်လှ ၉/လဝန(နိုင်)၀၀၇၇၀၁ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်ခင်မာဝင်း (ဘ) ဦးတင်လှိုင် ၈/ထလန(နိုင်)၀၃၅၇၈၁ မှ မြေပေးမိန့်မူရင်း၊မြေကွက် အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လို သူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ပန်းတနော်မြို့၊ အထက(၁)၊ Grade-9မှ မနှင်းအိန္ဒြာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးသံချောင်း ၁၄/ပတန(နိုင်)၁၂၀၇၂၇ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ အထက(ဝက်ထီးကန်) Grade-11မှ မောင်ဇာနည်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်း ၇/ပမန(နိုင်)၁၂၅၁၁ ဖြစ်ပါကြောင်း။

**ဦးဇော်မင်း**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက (ဝမ်းတွင်း) Grade-12မှ မောင်မင်းမင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်စိုး ၉/ဝတန(နိုင်)၁၀၅၈၅၉ ဖြစ်ပါကြောင်း။

**ဦးအောင်နိုင်စိုး**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ညောင်နီကျင်းကျေးရွာ၊ အထက(ခွဲ)ကျောင်း၊ သတ္တမတန်းမှ မပြည့်ဖူးခိုင် ၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းလင်း ၉/ညဥန (နိုင်) ၁၇၁၈၆၈ ဖြစ်ပါကြောင်း။

**ဦးအောင်ဆန်းလင်း**

## ဖခင်အမည်မှန်

ရေနံချောင်းမြို့၊ အထက(၃)၊ Grade-12(Eco) အခန်း(၂)မှ မောင်မင်းခန့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဌေး ၈/ရနခ(နိုင်)၀၀၃၅၀၈ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့၊ အထက သစ်ရာမြိုင်၊ Grade-12မှ မောင်အောင်ခန့်ကျော်၏ မိခင်အမည်မှန်မှာ ဒေါ်ကြည်စိန် ၅/ကလန(နိုင်) ၀၇၆၀၂၁ ဖြစ်ပါကြောင်း။

**ဒေါ်ကြည်စိန်**

## မိခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့၊ အထက သစ်ရာမြိုင်၊ Grade-12မှ မောင်အာကာစိုး၏မိခင်အမည်မှန် မှာ ဒေါ်နှင်းမြိုင် ၅/ကလန(နိုင်) ၀၆၀၃၃၃ ဖြစ်ပါကြောင်း။

**ဒေါ်နှင်းမြိုင်**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မန္တလေးမြို့နေ ဦးသောင်းစိန်၏ သမီး မပြုံးရီ ၉/မခန(နိုင်) ၂၇၇၂၆၆၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၄၀၀၉၀၉၇**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

လှိုင်ကော်မြို့၊ မင်းစုရပ်နေ ဦးသိန်းဇော်၏သား ကိုညဏ်လင်းမြင့် ၂/လကန(နိုင်) ၁၀၄၉၇၅ ၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၃၇၄၈၄၅၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ရွှေအင်ကြင်းရပ်၊ မြေကွက်အမှတ်(ဒ-၃၃၃၃၁)၊ ဧရိယာ ၀ ဒသမ ၁၄၆ဧကရှိဒေါ်မိုးမိုးအောင် (ဘ) ဦးသိန်းအောင် ၇/ပမန(နိုင်)၀၄၄၇၆၀ အမည်ပေါက်ပါမစ်မြေကွက်ကို ဒေါ်မေတန်ခူးကိုကို (ဘ) ဦးနေကိုကို ၈/မကန(နိုင်)၂၁၇၇၅၆ မှ မြေပေးမိန့်မူရင်း၊မြေကွက် အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/ဒက္ခိဏသီရိအနောက်ရပ်၊ မြေကွက်အမှတ်(A-၄၇၇)၊ ဧရိယာ ၀ ဒသမ ၂၂၀ ဧကရှိ ဦးသိန်းနိုင် (ဘ) ဦးညွန့်မောင် ၉/မမန(နိုင်)၀၁၃၉၇၈ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးသိန်းနိုင် မှ ဦးအာကာကျော် (ဘ) ဦးကျော်မြင့် ၉/မရမ(နိုင်)၀၀၃၅၆၆နှင့် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/မြောက်) (၁) မြေကွက်အမှတ် (၉/ဃ)၊ မြေအကျယ်အဝန်း (၃၃'x၁၂၀') (၃၉၆၀ စတုရန်း/ပေ)၊ (၂) မြေကွက်အမှတ် (၉/ဂ)၊ မြေဧရိယာ ၀ ဒသမ ၀၆၉ဧက (၃၂၄၀ စတုရန်း/ပေ)၊ (၃) မြေကွက်အမှတ် (၁၀/က^၂)၊ မြေအကျယ်အဝန်း (၂၀'x၁၂၀') ဧရိယာ ၀ ဒသမ ၀၅၅ဧက အသီးသီးရှိသော နှစ်(၆၀) ဂရန်တစ်ဆက်တည်းပေါင်း၍ တည်ရှိမြေကွက်(၃)ကွက်နှင့်ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး မြို့ပြမြေယာမှတ်တမ်းတွင် ဒေါ်အေးအေးမြင့် ၁၂/ဒဂတ(နိုင်)၀၀၈၄၅၁က အမည်ပေါက်ပိုင်ဆိုင်သောပစ္စည်း ဖြစ်ပါသည်။ ထိုပစ္စည်းအား အပေါင်အနှံအရှုပ်အရှင်းကင်းကြောင်း ဝန်ခံလျက် ကျွန်ုပ်၏ မိတ်ဆွေ ဦးမန်နီးဗာစတန် ၁၂/ဥကမ(နိုင်)၀၀၀၀၀၉အား ရောင်းချရန်ကမ်းလှမ်းရာ ဦးမန်နီးဗာစတန်မှ သဘောတူညီပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်(၃)ကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများ ရှိပါက ခိုင်လုံသောအထောက်အထား စာရွက် စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှိုင် (LL.B) တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၄၀၊ ၃/ခ၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း-၀၉-၈၆၄၄၇၁၇၉၂၊ ၀၉-၄၄၅၇၄၉၀၉၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7A/8540 NISSAN CONDOR CM 87KS Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစောရဲအောင် ၈/ရစက(နိုင်)၂၅၁၀၂၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၈)၊ ဦးပိုင်အမှတ် (၈၃)၊ ၅၁x၅၂ကြား၊ ၁၀၆x၁၀၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဝမ်ဆိုက်သင်း ၁၃/ကခန(နိုင်)၀၃၄၆၆၀ ကဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/96527 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချစ်စုဝေ ၅/တဆန(နိုင်)၁၂၉၈၄၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းတောင်ကွင်း၊ "နေလ"ဆောက်လုပ်ရေး၊ လူနေအိမ်ရာကွင်းအမှတ်(၆၅၂/A)၊ မြေကွက်အမှတ်(၅၁/A)ဟုခေါ်တွင်သော ပေ(၄၀x၆၀)အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်မြတ်စုအောင် ၁၂/သလန(နိုင်)၁၁၂၆၅၀က လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သူဇာစိုးနှင့် ဒေါ်သဇင်တင့်နိုင်တို့က ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မည်သည့် ကန့်ကွက်ချက်ကိုမျှ လက်ခံစဉ်းစားမည်မဟုတ်ကြောင်းနှင့် ကျန်ငွေများကို အပြေအကျေပေးချေ၍ မြေကွက်အား လက်ရောက်ရယူဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်နွယ်နီလာထွန်း** | **ဒေါ်ရီရီနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၀၃)** | **အထက်တန်းရှေ့နေ(စဉ်-၅၃၁၅၇)** |
| **အမှတ်(၄၈-ခ)၊ ကေတုမာလာ(၄)လမ်း၊** | **အမှတ်(၃၉၃)၊ ကိုရီးယားလမ်း၊** |
| **(၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊** | **နတ်စင်ကုန်းကွက်သစ်၊** |
| **ဖုန်း-၀၉ ၇၇၀၁၆၄၆၈၇** | **သန်လျင်မြို့နယ်၊** |
| | **ဖုန်း-၀၉-၄၀၂၆၇၈၂၈၉** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 41W/7092 Kenbo 100 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်အေးငြိမ်း ၅/မရန(နိုင်) ၂၀၃၉၂၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန(မုံရွာ)**

## ဦးအောင်စိုးဦးနှင့်အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာ၊ အကွက်အမှတ်(၀၀-၃၇)၊ ဦးပိုင်အမှတ်(၃၄)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်အား ဂရန်အမည်ပေါက်သူ ဦးအောင်စိုးဦး၏အထူး ကိုယ်စားလှယ် စာရသူ ဦးရီလှိုင်ထံမှ ကျွန်မဒေါ်စုစုကျော်မှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါအရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အား ချုပ်ဆိုလိုသည့်အချိန်တွင် ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားသည်ဖြစ်၍ ၁၅-၁၀-၂၀၂၄ရက်နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ဆက်သွယ်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း ဦးအောင်စိုးဦးနှင့်အများသိစေရန်အသိပေးကြေညာအပ်ပါ သည်။

**ဒေါ်စုစုကျော်**
**အကွက်(၀၀.၃၇)၊ နတ်ရေကန်ကျေးရွာ၊ အမရပူရမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၇၇၈၄၄၁၁၈၉**

## ပြည်စံသူ ခရီးသည်သယ်ယူပို့ဆောင်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ပထမအကြိမ် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးဖိတ်ကြားလွှာ

ပြည်စံသူ ခရီးသည်သယ်ယူပို့ဆောင်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(PST)၏ ပထမအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကုမ္ပဏီ၏ အစုရှယ်ယာရှင်အားလုံး တက်ရောက်ချီးမြှင့်နိုင်ပါရန် လေးစားစွာဖိတ်ကြား အပ်ပါသည်-

| | | |
|---|---|---|
| **ကျင်းပမည့်ရက်** | - | ၂၉-၁၀-၂၀၂၄ ရက်(အင်္ဂါနေ့) |
| **ကျင်းပမည့် အချိန်** | - | နံနက် ၁၀ နာရီ |
| **ကျင်းပမည့်နေရာ** | - | အမှတ်(၁၂)၊ ကျွန်းရွှေဝါလမ်းနှင့် ၁၄ လမ်း B block ထောင့်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် |

**ဒါရိုက်တာအဖွဲ့**
**ပြည်စံသူခရီးသည်သယ်ယူပို့ဆောင်ရေး**
**အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေ အမိန့်၅၊ နည်းဥပဒေ ၁ နှင့် ၅)

## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်

## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄၂

| | | |
|---|---|---|
| ဒေါ်နီနီအောင်ငွေ | **နှင့်** | ၁။ ဦးဇော်နောင်ဦး |
| (၎င်း၏အခွင့်ရကိုယ်စားလှယ် | | ၂။ ဦးအောင်စိုး |
| ဦးကျော်နိုင်) | | ၃။ ဦးလှစိုး |
| | | ၄။ ဒေါ်သန်းသန်းစိုး |
| | | ၅။ ဦးညီညီစိုး |
| | | ၆။ ဒေါ်နှင်းစိုး |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ မဥ္ဇူသကလမ်း၊ အမှတ် (၁၁၆၆) နေ ဦးဇော်နောင်ဦး၊ ဦးအောင်စိုး၊ ဦးလှစိုး၊ ဒေါ်သန်းသန်းစိုး၊ ဦးညီညီစိုးနှင့် ဒေါ်နှင်းစိုး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နီနီအောင်ငွေက "ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်၊ (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်း များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှု မဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လှဦး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ဦးဝင်းမြင့်အောင်၊ ဒေါ်ခင်စန်းဝင်းနှင့်အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၈)၊ ဦးပိုင်အမှတ် (၄)၊ ဧရိယာ၀ ဒသမ ၀၅၅၁ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်အား ဂရန်အမည်ပေါက်သူ ဦးဝင်းမြင့်အောင်၊ ဒေါ်ခင်စန်းဝင်းထံမှ ကျွန်တော်ဦးမောင်ဖေမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာလက်ရှိထား ပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါအရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အားချုပ်ဆိုလိုသည့်အချိန်တွင် ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားသည်ဖြစ်၍ ၁၅-၁၀-၂၀၂၄ရက်နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ဆက်သွယ်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အားချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဦးဝင်းမြင့်အောင်၊ ဒေါ်ခင်စန်းဝင်းနှင့် အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**ဦးမောင်ဖေ**
**အကွက်(အ-စ)၊(ဂ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊မန္တလေးမြို့**
**ဖုန်း-၀၉-၄၄၄၀၀၁၈၁၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(D)၊ ဦးပိုင်အမှတ်(D-1-c+D-1-A-c)၊ ၆၂လမ်းx၁၂၂လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကိုကိုအောင်၏ (SPရရှိသူ ဦးကျောက်ကြီးကြုံ(ခ) ဦးကျော်မြင့်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၂၀၄/၂၀၂၄) ဖြင့်ဝယ်ယူခဲ့သူ ဦးကျော်သူ ၉/ခအဇ(နိုင်)၀၀၇၁၃၂က အမှုတွဲအမှတ် ၄၀၄၀/၂၀၂၄-၂၀၂၅ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/သပြေကုန်း၊ မြေကွက်အမှတ်(၃၄၃)၊ ဧရိယာ ၀ ဒသမ ၀၈၂ဧကရှိ ဦးနန္ဒမောင်မောင် အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်အေးမြမြထွန်း (ဘ)ဦးမောင်ထွန်း ၁၂/မဂတ(နိုင်)၀၈၇၇၆၅ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိ ပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှု အား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

## ( အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ - ၂၈၃ )

## ကျောက်ဆည်ခရိုင်တရားရုံးတော်

## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေအမှုအမှတ် - ၅၄

**ကွယ်လွန်သူ ဦးထိန်၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့၊ ပလိပ်ကားဆိပ်ရပ်ကွက်တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးထိန်၏ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ခင်အေးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃ ရက် ( ၁၃၈၆ ခုနှစ် သီတင်းကျွတ်လဆန်း ၁ ရက်) တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးထိန် ၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွား သက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင် ) ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့် သော်လည်းကောင်း၊ လာရောက် ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃နှင့် အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ခင်အေး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်သီတာထွန်း)**
**ခရိုင်တရားသူကြီး**
**ကျောက်ဆည်ခရိုင်တရားရုံး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ အောင်သပြေ(၃)ရပ်ကွက်တွင် နေထိုင်သည့် (ဦးလျိုတာရှော်) နှင့် ဒေါ်လျံယွန်းဟွမ် တို့၏ သားဖြစ်သူ မောင်လျိုကျားယုန် ၁၃/ကခန(နိုင်)၀၆၃၂၈၆ သည် မိခင်ဖြစ်သူအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်သည့်အပြင် ပြောဆိုဆုံးမ၍ မရပါသဖြင့် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကိုလုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မိခင်-ဒေါ်လျံယွန်းဟွမ်**
**၁၃/ကခန(နိုင်)၀၂၄၇၈၂**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့၊ (၄)ရပ်ကွက်၊ ရွှေနတ်တူဘုရားလမ်း၊ အမှတ်(၁၁၂)နေ ဦးအောင်ကျော်ဦး ၁၄/ဖပန(နိုင်)၀၄၅၁၁၉ နှင့် ဒေါ်စမ်းစမ်းအေး ၁၄/ဖပန(နိုင်)၀၀၄၂၇၄ တို့မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်တော်/ကျွန်မတို့၏သမီးဖြစ်သူ မမိုးပွင့်ဖြူ ၁၄/ဖပန(နိုင်) ၂၃၈၅၁၅ သည် မိဘများ၏ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင်ပြုလုပ်ပြီး နေအိမ်မှမိမိသဘောဆန္ဒအလျောက် ထွက်ခွာသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် မမိုးပွင့်ဖြူနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**(ဖခင်)ဦးအောင်ကျော်ဦး (မိခင်)ဒေါ်စမ်းစမ်းအေး**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၈၃၃)၊ ဦးပိုင်အမှတ်(၃၆-က)၊ ၈၃လမ်း၊ ၄၃လမ်းနှင့် ၄၄လမ်းကြားရှိ ဦးခင်မောင်အမည်ပေါက် ဘိုးဘမြေကွက်အား(အဘိုး) ဦးဘရင်၊ (အဘွား) ဒေါ်စန်း၊ (ဖခင်)ဦးသန်းမောင်၊ (မိခင်)ဒေါ်ရွှေ၊ ဦးညွန့်မောင်၊ ဦးခင်မောင် (လူပျိုကြီးဘ၀)ဖြင့် လည်းကောင်း အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၁၈၈၈/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သည့် သားဖြစ်သူ ဦးကျော်ကျော်မိုး ၉/မရတ(နိုင်)၀၁၆၁၈၁ က အမှုတွဲအမှတ် ၀၃၉၅/ဘ(ပြောင်း)/၂၀၂၄-၂၀၂၅ ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(D)၊ ဦးပိုင်အမှတ်(D-1/ဃ+D-1-A/ဃ)၊ ၆၂လမ်းx၁၂၂လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကိုကိုအောင်၏(SPရရှိသူ ဦးကျောက်ကြီးကြုံ(ခ)ဦးကျော်မြင့်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၂၀၃/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မေနှင်းမိုး ၉/အမဇ(နိုင်)၀၂၂၈၁၈က အမှုတွဲအမှတ် ၄၀၄၁/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

